www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# မျော်ကေရီ

## ဘဝကိုပြုစားတတ်တဲ့ ကံကြမ္မာ



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၆၁၆၀၆၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၇၆၄၀၇၁၀
၂၀၁၀ ခုနှစ်၊ ဩဂုတ်လ - ပထမအကြိမ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး (၁၀၀၀/-)ကျပ်

**ထုတ်ဝေသူ**
ဦးသစ်လွင်၊ ဂန္ဓဝါမြိုင်စာပေ၊ (မြ-၀၉၄၈)၊ အမှတ် ၁၁၃၊
ရွှေပြည်သာလမ်း၊ ၆-ရပ်ကွက်၊ သာကေတမြို့နယ်။

**မျက်နှာဖုံးပုံနှိပ်**
ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်
အမှတ်-၁၇၁၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်။

**အတွင်းပုံနှိပ်**
ဦးမြင့်ဝေ(၀၃၄၁၆)၊ ကံသာပုံနှိပ်တိုက်၊
အမှတ်(၁၈၂)၊ (၃၁)လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊

**ပြည်လုံးကျွတ်ဖြန့်ချိရေး**
**ရဲရင့်အောင်စာပေ**
အမှတ်-၄၉၊ မုန့်ရဝေလမ်း၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၈၉၅.၈၃
မော်ဇေကရီ
ဘဝကိုပြုစားတတ်တဲ့ကံကြမ္မာ / မော်ဇေကရီ။ - ရန်ကုန်
ဂန္ဓဝါမြိုင်စာပေ၊ ၂၀၁၀။
၁၂၀-စာ၊ ၁၃၀ x ၂၀၇ စင်တီ။
(၁) ဘဝကိုပြုစားတတ်တဲ့ကံကြမ္မာ

## ပါဝင်သောအခန်းများ


အခန်း ၁။ သစ်ခုတ်သမားတို့ရဲ့ည
အခန်း ၂။ ပျောက်ဆုံးမှုဇါတ်နောက်ကွယ်
အခန်း ၃။ သူ ... ဘယ်သူလဲ
အခန်း ၄။ ပြဿနာများနှင့် ရောက်လာသည့်မိန်းမ
အခန်း ၅။ ကလေးငယ်၏အသည်းကိုခွဲထုတ်စားချင်သည့်စုန်းမ
အခန်း ၆။ စောစောစီးစီးရန်ပွဲ
အခန်း ၇။ သက်သေပြစရာညအခါ
အခန်း ၈။ ဝက်ဆီဖတ်ပျောက်ဆုံးမှု
အခန်း ၉။ စုန်းတို့၏ကကွက်


www.burmeseclassic.com

www.burmeseclassic.com


အခန်း ၁၀။ လူတစ်ယောက်သေခဲ့ခြင်း

အခန်း ၁၁။ အဝေးသို့သွားစေချင်ကြသူများ

အခန်း ၁၂။ နောက်ဆုံး ဆုံးဖြတ်ချက်

အခန်း ၁၃။ အထွက်နှင့်အဝင်

အခန်း ၁၄။ သူ့ဘဝသူ့ဇာတ်ကြောင်း

အခန်း ၁၅။ အတိတ်, အရိပ်, အဆိပ်

အခန်း ၁၆။ စာရေးဆရာ၏ ဖွင့်ဆိုချက်




BURMESE CLASSIC

## အခန်း [၁]

## သစ်ခုတ်သမားတို့ရဲ့သူ

တောင်စွယ်တွင်နေကွယ်သွားလေပြီ။

နေဝင်ပြီဆိုသည်နှင့် အရှေ့ရိုးမသည် အအေးဝတ်ရုံကြီးကိုခြုံကာ ငိုက်မြည်းတော့မည့် အဘိုးအိုတစ်ယောက်လို အသွင်ဆောင်တော့သည်။

သစ်ခုတ်သမားတို့လုပ်ငန်းသိမ်းလိုက်ကြသည်။

မမှောင်ခင်အချိန်အတွင်း စမ်းချောင်းလေးသို့သွားကာ အလုအယက် ရေချိုးကြသည်။ သူတို့လူစုတွင် သူအပါအဝင်အားလုံး (၁၇)ယောက်တိတိ။ ခေါင်းဆောင်က ကိုမြတ်ဦး။

"စာရေးဆရာရေ ... ချက်ရပြုတ်ရတာဘယ်လိုလဲ၊ အဆင်ပြေရဲ့လား"

ကိုမြတ်ဦးက ရယ်ကျဲကျဲလေး သူ့ကိုမေးလိုက်သည်။

"အဆင်ပြေ မပြေတော့မပြောတတ်ဘူး ကိုမြတ်ဦးရေ ... လုပ်တတ်သလိုတော့ လုပ်ထားလိုက်တာပဲဗျို့"



www.burmeseclassic.com

www.burmeseclassic.com



သူက မီးဖိုပေါ်တင်ထားသော ငှက်ပျောဖူးချဉ်ရည်ဟင်းကို ဖွန်းလေးဖြင့် မြည်းရင်းဆိုလိုက်သည်။

အမှန်စင်စစ် သူသစ်ခုတ်သည့်အလုပ်တွင် တာဝန်ရှိသူတစ်ဦးတော့မဟုတ်ပါ။

တောင်ပေါ်သို့လေ့လာချင်သဖြင့် ကိုမြတ်ဦးအကူအညီဖြင့်လိုက်လာခဲ့ခြင်းဖြစ်သည်။ ကုန်ကြမ်းလေးများရမလားဟူသောသဘောပင်။ သစ်ခုတ်သမားတို့၏ဘဝကို လက်တွေ့မြင်ရသောအခါ သူထင်ထားတာထက်ပင်ကြမ်းတမ်းနေပါ၏။ သူသာဝင်လုပ်ရလျှင် တစ်ပတ်ပင်ခံမည်မဟုတ်။ သူလိုက်လာသောအကွက်မှာ တော်တော်လေးနက်သည်။ ထင်းခုတ်သမားများလေလေအတွင်းပိုင်းသို့ဝင်ရလေလေပင်။

တောနက်သောကြောင့် တစ်ခါတရံ တောဝက်တွေ တွေ့ရသည်။ ဂျီတွေ တွေ့ရသည်။ သမင်တွေတွေ့ရသည်။ တစ်ခါတရံ ကျားဟိန်းသံတွေပင်ကြားနေရ၏။ အားလုံး အလုပ်ကိုယ်စီလုပ်နေကြသည့်အထဲတွင် သူ သည်အတိုင်းမနေနိုင်သဖြင့် ထမင်းချက်ခေါ်ထားသည့်ကောင်လေးနှင့်အတူ ပိုင်းဝန်းကူညီနေခြင်းဖြစ်၏။

သူတို့ ကုန်းပြောင်ပြောင် ကွက်လပ်တွင်နေရာယူကြသည်။ နှစ်ယောက်က အလယ်တွင် မီးပုံကြီးတစ်ပုံဖိုသည်။ အလင်းရောင်နှင့် အနွေးဓာတ်ကိုရသလို အန္တရာယ်ပြုမည့် သားရဲတိရစ္ဆာန်တို့ကိုလည်း အဟန့်အတားဖြစ်စေရန်ဖြစ်၏။

"ကိုင်း ... ပုလင်းတွေလာယူကြဟေ့"

ကိုယ့်အစုနှင့်ကိုယ် အရက်သောက်ကြသည်။ တစ်နေ့တာနွမ်းနယ်သမျှ အပန်းဖြေကြခြင်းပင်။ ထိုနေ့က ငါးခြောက်ထောင်းကြော်နှင့် ငှက်ပျောဖူးချဉ်ရည်





ဟင်းမျှသာဖြစ်သည်။ သို့သော် သူတို့အားလုံး မြိန်ရေယှက်ရေ စားသောက်ကြ၏။

သူတို့ စားသောက်ပုံကိုတွေ့တော့ သူလန့်သွားသည်။ တစ်ယောက်ဆိုလျှင် နို့ဆီဗူးနှစ်လုံးချက်အသာလေး။ ကြည့်ရတာတင် အားရစရာ။ သည့်လိုစားနိုင်လို့လည်း သည်လိုစားနိုင်ကြတာပါလား ဟုတွေးသည်။

"စာရေးဆရာရဲ့ ငှက်ပျောဖူးချဉ်ဟင်းကတော့ ရှယ်ပဲဗျို့"

"စားကောင်းရင် ချက်ရကျိုးနပ်ပါပြီဗျာ"

သူက ရသည့်အခွင့်အရေးကို အလွတ်မခံ။ သစ်ခုတ်သမားတော်တော်များများနှင့်စကားပြောဖြစ်ခဲ့သည်။ အားလုံးလိုလိုပင် ပညာကိုဟုတ်တိပတ်တိသင်ကြားခဲ့သူများမဟုတ်။ ငယ်ဘဝကတည်းကပင် တောင်ယာအလုပ်နှင့်အကျွမ်းဝင်လာသူတွေ။ တချို့သေစာရင်စာပင် ရေးတတ်သူများမဟုတ်။ အရွယ်ရောက်၍ အိမ်ထောင်ကျပြီးစက အလုပ်ကြမ်းမျိုးစုံနှင့် နပမ်းလုံးခဲ့ရသူတွေ။

တချို့ဘဝတွေက သာမန်ဖြစ်သော်လည်း တချို့ဘဝတွေက နည်းနည်းစိတ်ဝင်စားစရာတွေပါသည်။ တစ်ယောက်တစ်မျိုးစီဖြင့် ရိုးတော့မရိုးနိုင်။

"အိပ်ရင်တစ်ယောက်တစ်လှည့်စီ ကင်းစောင့်ရမှာနော်"

"ကိုယ့်ဆရာ လှူခွဲလေ"

သူက နားမလည်နိုင်စွာဖြင့် ...

"ကင်းစောင့်ဖို့ လိုသေးလို့လား ကိုမြတ်ဦးရယ်"

"ခင်ဗျား ကျားဝင်ဆွဲတာမခံဘူးသေးပဲကိုး"

"ကျားဝင်ဆွဲတာ"

"စိတ်မချရဘူး၊ အခြောက်အလှန့်မရှိရင် ဒီကောင်တွေက [illegible] တွယ်တတ်တာ"



www.burmeseclassic.com

သူ့ကြက်သီးစိမ့်ခနဲထ,သွားသည်။ သို့သော် သိပ်တော့မကြောက်မိ။ တစ်နေ့လုံးပင်ပန်းထားသော သစ်ခုတ်သမားတွေကို ကိုယ်ချင်းစာသောကြောင့် ညလယ်ပိုင်းဖြစ်သော (၁) နာရီမှ (၃) နာရီအချိန်အတွင်း သူနှင့်ထမင်းချက်သမားလေးမောင်တူးတို့ ကင်းစောင့်ရန်တာဝန်ယူလိုက်၏။

သစ်ခုတ်သမားအဖွဲ့လည်း ကြာကြာတော့ စကားဖောင်ဖွဲ့ပြောမနေနိုင်ကြ။ မီးဖိုဘေးတွင် အဆင်ပြေသလိုသာ အိပ်ကြတော့၏။ အိပ်စက်ခြင်းသည် ကိုယ်စိတ်နှစ်ပါးစလုံး အနားပေးလျှက် နောက်တစ်နေ့ ခွန်အားများဖြစ်စေရန် အတွက် မဟုတ်ပါလား။

ညနက်လာလေ အအေးဓာတ်က ပိုကဲလာလေပင်။ သီတင်းကျွတ်လဆန်းပိုင်းသာရှိသော်လည်း တောင်ပေါ်ဒေသဖြစ်ကြောင်း သက်သေထူလိုက်သလိုပင်။ လက ခပ်ရေးရေးလေးသာနေသည်။

ကင်းစောင့်သူနှစ်ယောက်မှ့ သူကလွဲလျှင် အားလုံးနှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေကြသည်။ တချို့ဆိုဟောက်သံတွေက မိုးခြိမ်းသံအတိုင်း ကြားသည်... 

အိပ်မောကျနေကြသည်။ တချို့ဆိုဟောက်သံတွေက မိုးဦးကျဖားတွေလို အပြိုင်အဆိုင်။ သူ စောင်ကိုခြုံလျှက် အိပ်ပျော်ရန် ကြိုးစားသော်လည်းမရ။ တောင်စဉ်ရေမရအတွေးတွေသာ ပေါ်ပေါ်လာသည်။ သူ့ရန်ကုန်မှာဆိုလျှင် သည်အချိန်ဆို စာရေးနေကျ။ လူခြေတတ်ချိန်မို့ အတွေးအားလုံးကလည်း လိုအပ်သလိုဆန့်ထွက်နိုင်သည်။

သူ့တွင် မိဘနှစ်ပါးမရှိတော့သလို သိပ်ချစ်ရသော ဇနီးသည်မှာလည်း အစာအိမ်ကင်ဆာဖြင့် လွန်ခဲ့သောငါးနှစ်ခန့်က ဆုံးပါးသွားခဲ့၏။ သားသမီးအဖတ် မတင်ခဲ့။ ထိုအချိန်က စိတ်ပျက်အားလျော့ခြင်းများစွာ ကြုံခဲ့ရသော်လည်း မိမိကိုယ်ကို မိမိပြန်လည်ထိန်းသိမ်းကာ စာရေးခြင်းဖြင့် ဆက်လက်အသက်မွေးဝမ်းကြောင်းပြုခဲ့သည်။

---





ယခုလည်း ဖြူးအရှေ့ဘက် လက်ပံခုံးရွာလေးသို့ အလည်အပတ် ရောက်လာရာမှ ဆွေးမျိုးတော်စပ်သူ သစ်လုပ်ငန်းကန်ထရိုက်က ပုတ်ပြတ် လုပ်ကိုင်နေသော ကိုမြတ်ဦးကိုခေါ်သဖြင့် သည်အရှေ့ရိုးမဘက်သို့ရောက်လာခဲ့ခြင်းပင်။

(၁) နာရီထိုးတော့ သူထ,သည်။ မောင်တူးကိုနှိုးကာကင်းဆက်စောင့်သည်။ မောင်တူးက အငိုက်မပြေနိုင်သေး။ လူငယ်ဆိုတော့ အိပ်ချင်ရှာပေလိမ့်မပေါ့။ သူက ထင်းချောင်းများကို မီးပုံထဲထိုးထည့်ရင်း ...

"မောင်တူး"

"ဗျာ"

"အိပ်ချင်ခေါင်းချအိပ် ... ငုတ်တုတ်ကြီးလုပ်မနေနဲ့၊ ငါဆက်စောင့်လိုက်မယ်"

"ရတယ် ဆရာ၊ ကိုမြတ်ဦးသိရင်အပြောခံရလိမ့်မယ်"

"ငါပြောပါ့မယ်ကွ"

"ရတယ်ဆရာ ... ရတယ်၊ ရတယ်"

ရတယ်ဟုသာပြောနေသော်လည်း မောင်တူးမျက်လုံးတွေကို မဖွင့်နိုင်သေး။ ခေါင်းကြီးငိုက်စိုက်လျှက် ရှေ့တိုးနောက်ငင် ငိုက်နေတာကြည့်ပြီး သူပြုံးရသေးသည်။ မောင်တူး အငိုက်ပြေစေရန် နှိုး၍ စကားလေးဘာလေးပြောမလားဟု ကြံလိုက်သေးသည်။ သို့သော် သူကိုယ်တိုင်က ထုံထုံထိုင်းထိုင်းဖြစ်နေခြင်းအတွက် အံ့သြရသေး၏။

"ငါ့စိတ်တွေ ဘယ်လိုဖြစ်နေတာလဲ"

ဟုတ်သည်။

သူ့စိတ်တွေ တစ်စုံတရာဖြစ်နေသည်မှာတော့ သေချာလှပါသည်။

---

www.burmeseclassic.com



...သလိုလို၊ ရင်ဖိုသလိုလို၊ ဟာတာတာဖြစ်နေသလိုလို။ ဘာကြောင့်မှန်း ...သေး။ သူ စောင်လေး ခြုံလျှက် မီးဖိုမှတောက်အနေသည့် မီးစွယ်မီးညွှန့် ...ကို စိုက်ကြည့်နေခိုက် ...

"ချွတ် ... "

"ချွတ် ... "

အနောက်ဘက်ဆီမှ ခြေသံလိုလိုကြားလိုက်ရသောကြောင့် သူ ကိုယ်လေး ဆတ်ခနဲတွန့်သွားသည်။

ဘယ်သူလဲ ...

သူ့မျက်လုံးတွေ ဘေးဘီသို့ အလန့်တကြားလှည့်ကြည့်မိသည်။ အားလုံး မှောင်နှင့်မည်းမည်း။ ဘာမှုမမြင်ရ။ သူ့အသာငြိမ်ကာ ဆက်လက်နားစွင့်လိုက်သည်။ ဘာသံမှုမကြားရ။

"ငါ့စိတ်ထဲ ထင်နေတာများလား"

ထိုအခိုက် ခပ်ဝေးဝေးမှ တောခွေးအူသံတစ်ချက်ကြားလိုက်ရ၏။

"အူး ဝူး ဝူး ... အူး ဝူး ဝူး"

ခဏအကြာတွင် တောခွေးအူသံပျောက်လျှက် တစ်တောလုံးတိတ်ဆိတ်သွားပြန်လေသည်။ သူ့စောင်ကို ခပ်တင်းတင်းခြုံလျှက် မီးဖိုနားသို့ တိုးကပ်လိုက်သည်။ သားရဲဝံ့ရှောင်တို့သည် မီးရောင်ကိုတော့ ကြောက်ကြသည်မဟုတ်လား။

သူ မယုံမရဲဖြစ်စွာ တောထဲဘက်သို့ စူးစူးစိုက်စိုက်ကြည့်မိပြန်သည်။ စာထဲတွင် ဖတ်ဖူးသည်ကတော့ ကျားတို့၏မျက်လုံးသည် အမှောင်ထဲတွင် တောက်လှဲ့နေသည်ဟု သိရသည်။

ဘယ်နေရာကများ နီနီရဲရဲကျားမျက်လုံးတွေ့ရမည်လဲ။

---

ရိရင့်အောင်စာဝေ



ထိုသို့တွေ့လျှင် လူတွေအားလုံးကို နှိုးလိုက်ရမည်လား။ မနိုးခင်တွင် သူရှိရာသို့ ဝုန်းခနဲပြေးဝင်လာကာဆွဲလျှင်ကော သူ ဘယ်လို ခုခံကာကွယ်နိုင်မည်လဲ။ အတွေးပေါင်းများစွာက သူ့ဦးနှောက်ကိုအလုပ်များစွာပေးလျှက်ရှိသည်။ တိတ်ဆိတ်ငြိမ်သက်မှုက မင်းမူနေဆဲပင်။

ထိုအခိုက် ...

"ချွတ် ... ချွတ်"

သစ်ရွက်ခြောက်များအပေါ်နင်းလာသော ခြေသံ။

ဟုတ်သည် ခြေသံမှ တကယ့်ခြေသံစစ်စစ်။

ထိုအသံက သူ့ထံတဖြည်းဖြည်းနီးကပ်လာခဲ့ပေသည်။

---

ရိရင့်အောင်စာဝေ

www.burmeseclassic.com

www.burmeseclassic.com

အခန်း [ ၂ ]

ပျောက်ဆုံးမှု၏ နောက်ကွယ်

မောင်တူး အတော်လေး ခေါင်းငိုက်စိုက်ကျသွားသောကြောင့် ကိုယ်ကို ပြန်ဟန့်လိုက်သည်။ အိပ်ချင်မူးတူးဖြင့် ကင်းစောင့်အဖော် စာရေးဆရာကို လှမ်းကြည့်သည်။

မရှိ။

ဟိုဟိုသည်သည်လှမ်းကြည့်သည်။

မတွေ့။

မီးပုံမှာတော့ တဟုန်းဟုန်းတောက်လောင်နေဆဲပင်။ အပေါ့အပါး သွားလေသလားဟု မောင်တူးထင်လိုက်သည်။ ထို့ကြောင့် ပြန်ငိုက်ရန်ဟန်ပြင်လိုက်၏။ သို့သော် သူ့စိတ်ထဲထင့်ခနဲဖြစ်သွားသည်။ နောက်သို့ ဆတ်ခနဲလှည့်ကြည့်လိုက်သည်။

ဖိနပ်လေးတစ်ရံ။

ဟုတ်သည်။ ဒါ — စာရေးဆရာဖိနပ်။ အပေါ့ပါးသွားလျှင် ဖိနပ်တော့





စီးရမည်ပေါ့။ ခုတော့ — ဘယ်သွားနေလို့လဲ။

"ဆရာ — ဆရာ"

တုံ့ပြန်သံမကြားရ။ သည်နီးနီး နားနားအပြင် ဆရာ ဘယ်သွားစရာ ရှိသေးလို့လဲ။ မောင်တူး မတ်တပ်ထရပ်လိုက်သည်။ ဆရာဖိနပ်ချွတ်ထားသော နေရာသို့သွားသည်။ ဆရာခြုံသောစောင်က ခပ်လှမ်းလှမ်းမှာ။ ဒါ — ဘာဖြစ် တာပါလဲ။

"ဆရာ — ဆရာ"

သူ့အနီးအနားသို့ ဂရုတစိုက်ကြည့်သည်။ သွေးစသွေးနမတွေ့ရ။ ရှုန်းရင်းဆန်ခတ်ဖြစ်ပုံ မြေကြီးအနေအထားမတွေ့ရ။ ခြေရာမတွေ့ရ။

"ဆရာ — ဘယ်များသွားတာပါလိမ့်"

သူ့အတန်ကြာအောင် စောင့်ကြည့်လိုက်သေးသည်။ ဖြစ်နိုင်ချေရှိသည် များကိုတွေးသည်။ ကျားဝင်ဆွဲသွားတာလား။ မဖြစ်နိုင်။ ကျားဆွဲလျှင်အော်သံ ဟစ်သံတော့ကြားရမည်။ ထိုသို့ဆိုလျှင် ဘာဖြစ်နိုင်မည်လဲ။

"ဆရာ — ဆရာ"

"ဟေ့ — မောင်တူး ဘာဖြစ်တာလဲ"

အိပ်ရာမှ နိုးလာသော ကိုမြတ်ဦးက လှမ်းမေးလိုက်ခြင်းဖြစ်သည်။

"စာရေးဆရာပျောက်သွားလို့ ကိုမြတ်ဦး — ကျွန်တော် အိပ်ငိုက်နေ တုန်း"

"ဟေ"

ကိုမြတ်ဦး အိပ်ရာမှကုန်းရုန်းထသည်။

"အပေါ့အပါးသွားတာကော"

"ကျွန်တော် ဒီမှာစောင့်နေတာကြာပြီ"



www.burmeseclassic.com

www.burmeseclassic.com

ကိုမြတ်ဦးက လှမ်းခေါ်သည်။ နောက်တော့ ... သူတို့တစ်ဖွဲ့လုံး နိုးကုန်သည်။ အနီးအနားတွင်ရှာကြသည်။ ခြေရာပင်မတွေ့။

"ဘယ်လိုဖြစ်တာလဲ"

အားလုံးစိတ်ပူသွားကြသည်။ ထူးထူးခြားခြားပျောက်ဆုံးသွားခြင်းနှ ပင်။

"ဘယ်လိုလုပ်ကြမလဲ ကိုမြတ်ဦး"

"ဘယ်လိုလုပ်ရမှာလဲ မှောင်ကြီးမည်းကြီးထဲမှာ ... မိုးလင်းမှာရှာမှာပေါ့"

"စာရေးဆရာပိပိစိတ်ရှုပ်ပေါက်ပြီး လျှောက်ထွက်သွားတာလား မသိဘူး"

တစ်ယောက်မှတ်ချက်ပြုခြင်းဖြစ်သည်။

"မဖြစ်နိုင်ပါဘူး"

"ဒါဆို ... ကျားဆွဲခံရတာလား"

"ဒါဆို အသံဗလံတော့ ကြားရမှာပေါ့"

"အော်ချိန်တောင်မရလိုက်ဘူးဆိုရင်ကော"

"ဒါဆို ... ဥစ္စာစောင့်များ ဖြုံဆွယ်ပြီးခေါ်သွားသလား"

ထင်မြင်ချက်တွေကတော့ တစ်ယောက်တစ်မျိုးပင်။

မည်သူမျှတော့ ရေရေရာရာမခန့်မှန်းနိုင်။ ပျောက်ဆုံးပုံက ထူးဆန်းနေသည်မဟုတ်ပါလား။

တချို့ပြန်အိပ်ပျော်ကြသော်လည်း တချို့အိပ်မပျော်နိုင်ကြတော့။ မီးပုံဘေးတွင်ထိုင်ရင်း ရောက်တတ်ရာရာပြောဆိုလျှက် မိုးအလင်းကိုစောင့်နေကြလေသည်။ တစ်ခုသာ သူတို့စိုးရိမ်သည်။





မထင်မှတ်သောနေရာမှ စာရေးဆရာ၏ အလောင်းအားတွေ့ရမည်ကို ပင်။

"မြန်မြန်မိုးလင်းလိုက်စမ်းပါဗျာ"


www.burmeseclassic.com

www.burmeseclassic.com

"မြေး"

စာရေးဆရာနေမင်းဇော် ထိုစကားသံကြောင့်အလန့်တကြားဖြစ်ကာ နောက်သို့လှမ်းကြည့်သည်။ အဘိုးအိုတစ်ယောက်။

အသက်(၈၀)ကျော်ထင်ရသော်လည်း အသားအရေတို့က ဝင်းဝါနေသည်။ သျှောင်တစ်စောင်းနှင့်ယောဂီရောင်ခေါင်းပေါင်း ပေါင်းထားသည်။ မျက်နှာကောင်း၍ မျက်လုံးတို့မှာ ကြည်လင်တောက်ပနေသည်။

အထူးခြားဆုံးမှာ ဖြူဖွေးနေသည့်နှုတ်ခမ်းမွေးနှင့် မုတ်ဆိတ်မွေးတို့ဖြစ်သည်။ အပေါ်နှင့်အောက် အဖြူရောင်ဝတ်ဆင်ထားသည်။

"ကျွန် ... ကျွန်တော့်ကိုခေါ်တာလား"

အစပထမတွင်ကြောက်သလိုလိုဖြစ်မိသော်လည်း အဘိုးအို၏ကြည်စင်သောအသွင်သဏ္ဌာန်ကြောင့် ထိုကြောက်စိတ်တို့လျော့ပါးကုန်၏။

"အဘိုးကို မလန့်ပါနဲ့ ... ငါ့မြေးကိုဒုက္ခပေးမဲ့လူမဟုတ်ပါဘူး"

သူ မတ်တတ်ထရပ်လိုက်သည်။ ဖိနပ်ပင်မစီးဖြစ်။

"အဘိုးကဘယ်သူလဲ".





"အဘိုးက ဘယ်သူလဲဆိုတာ အခုချိန်မှာ ငါ့မြေးသိဖို့မလိုသေးဘူး။ အခု မြေး အဘိုးနဲ့ခဏလိုက်ခဲ့ရမယ်"

ယခုလို အချိန်မျိုးတွင် အဘိုးအို ဘယ်ကလာ၍ ဘယ်ကိုသွားမည်ကို သူ မစဉ်းစားတတ်အောင်ဖြစ်ခဲ့ရ၏။

"ကျွန်တော်လိုက်ခဲ့ရမယ်"

"ဟုတ်တယ် ... မြေးကိုပေးစရာရှိလို့"

နဂိုကတည်းက စာရေးဆရာတစ်ယောက်မို့ အထူးအဆန်းများကို စိတ်ဝင်စားတတ်သူပီပီ ယခုလည်း အဘိုး၏ဖိတ်ခေါ်မှုကို လက်ခံချင်သလိုလိုဖြစ်လာသည်။

"မှောင်နဲ့မည်းမည်းအဘိုးရယ်"

"အဘိုးနဲ့လိုက်လာရင် လမ်းကိုကောင်းကောင်းမြင်စေရပါမယ်"

"ဝေးသလားအဘိုး"

"မြေးမပင်ပန်းစေရပါဘူး"

"ကျွန်တော် ချာတိတ်ကို နှိုးပြီးပြောလိုက်ဦးမယ် အဘိုး"

"မပြောနဲ့ ... သူနိုးလာရင် မလိုလားအပ်တဲ့ အနှောင့်အယှက်တွေ ဝင်လာလိမ့်မယ်၊ ကိုယ့်လမ်းကိုယ်လျှောက်ရအောင်"

သူခေါင်းညိတ်လိုက်သည်။ အဘိုးအို၏စကားကို နာခံမိနေသည်မသိ။ အဘိုးအိုလာရာလမ်းကိုလှည့်လိုက်သည်။ သူထပ်ချပ်မကွာ လိုက်လာခဲ့မိ၏။ မှောင်မှောင်မည်းမည်းတောကြီးဟုထင်ရသော်လည်း အရာရာတိုင်းကိုထင်ထင်ရှားရှားမြင်ရှိနေသည်။ ညငှက်တချို့ပျံသန်းသွားတာတွေ့ရသည်။ လေအဝှေ့တွင် သစ်ပင်တို့ ယိမ်းနွဲ့နေတာတွေ့ရသည်။ တောင်ကုန်းအဆင်းအတက်များကို ကျော်လွှားခဲ့ရသော်လည်း မောပန်းခြင်းအလျဉ်းမရှိခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဆောမှာ တဖြည်းဖြည်းနက်သည်ထက်နက်လာသည်ကို သတိပြုမိ
သည်။

"အဘိုး ခု ... ကျွန်တော်တို့ဘယ်သွားနေတာလဲ"

"အတွင်းစခန်းဂူ"

ထို့နောက် ... သူတို့နှစ်ယောက် တိတ်ဆိတ်သွားပြန်လေသည်။ အတော်လေးလျှောက်ခဲ့ပြီးမှ သူ့တွင် ဖိနပ်မပါလာခဲ့မိကြောင်း သတိပြုမိ၏။ အမှန်ဆို သည့်လိုတောလမ်းခရီးတွင် ဖိနပ်မပါခဲ့လျှင် မည်သို့မျှလျှောက်နိုင်မည် မဟုတ်သော်လည်း ယခုတွင်မူ ဘယ်လိုနာကျင်မှုမျိုးကိုမှ မခံစားရသဖြင့် နည်းနည်းတော့ ဆန်းကြယ်နေ၏။

အဘိုးအိုပြောခဲ့သော မြေးမပင်ပန်းစေရပါဘူးဟူသော စကားမှာ တကယ်အမှန်ပင်ဖြစ်နေပေတော့၏။ အဘိုးအိုမှာ လှိုဏ်ကြီးအောက်တော့ ဆင်းလိုက်သည်။

"ဟင်"

လူသွားလမ်းအရှေ့ရှေ့တည့်တည့် ကိုက် ၁၀၀၀ ခန့်လောက်တွင် မည်းမည်းသဏ္ဍာန်ကြီးတစ်ခု ဝပ်နေတာတွေ့လိုက်ရသည်။

"အဘိုး"

အဘိုးက လက်ကလေးကို အသာမြှောက်ကာ ငြိမ်ငြိမ်နေဟူသော အဓိပ္ပာယ်လုပ်ပြသည်။ အဘိုးအိုမှာ တွန့်ဆုတ်ခြင်းမရှိ၊ ရဲရဲဝင့်ဝင့်ပင်ရှေ့ဆက်သွားသည်။ အနားသို့ရောက်လာသောအခါ ထွက်ပြေးမိမတတ်ဖြစ်သွား၏။

"ဟင် ... ကျားကြီး"

သူ့ခြေလှမ်းတွေ တုန့်ခနဲရပ်သွားသည်။

လရောင်အောက်တွင် အဝါနှင့် အနက်အဆင်းကြီးတွေက ထင်ထင် ရှားရှား။ မျက်လုံးတွေက ရဲရဲတောက်နေသည်။

"ဝေါင်း"

ဟိန်းသံတစ်ချက်ပေးလိုက်သည်။ သူလန့်သွားသည်။ ကျားဆိုသော သတ္တဝါသည် လူနှင့်ထိပ်တိုက်တွေ့လျှင် မည်သည့်အခါမျှချမ်းသာပေးသည်ဟု မကြားဖူး။ ယခုတွင် သူ့အတွက်ပြေးစရာ လမ်းမရှိ။ အဘိုးမှာတော့ ကျားထံ တည့်တည့်လျှောက်သွားလေပြီ။

ယင်းနောက် မြင်ရသောမြင်ကွင်းမှာ သူ့မျက်စိကိုပင်သူမယုံနိုင်တော့။ အဘိုးအိုမှာ ကိုးတောင်နီးပါးခန့်ရှိသော ကျားကြီးကိုကြောင်လေးတစ်ကောင် သဖွယ်ပွတ်သပ်ပေးနေခြင်းဖြစ်၏။

တဖန်ကျားကြီးက သူ၏လျှာဖြင့် အဘိုးအိုခြေထောက်များအား ပွတ်သပ် လျက်ပေးနေခြင်းဖြစ်၏။ သူကတော့ ရင်တထိတ်ထိတ်ခုန်ကာ ကြက်သေ,သေလျက်ကြည့်နေမိ၏။

"မြေး ... ဘာအန္တရာယ်မှမရှိဘူး၊ ရဲရဲသာလျှောက်လာခဲ့၊ သူဟာ အတွင်းဂူကိုစောင့်လျှောက်ပေးနေတဲ့ ကိုယ်ရံတော်တစ်ဦးပဲ"

အဘိုးအိုက ကျားကြီးကို သားသမီးသဖွယ် ကြင်ကြင်နာနာပွတ်သပ် ပေးနေဆဲ။

"ရဲရဲသာလျှောက်ခဲ့ပါ မြေးရဲ့"

သူကြောက်စိတ်တွေ အတန်ငယ်ပြေလျော့လာကာ အဘိုးပြောသလို လျှောက်ကာ အဘိုးအနားမှ ကပ်လျက်ခပ်သွက်သွက်ကျော်ဖြတ်မိ၏။

"ကိုင်း ... ခရီးဆက်ကြဦးစို့"

သူတို့ဆက်လက်လျှောက်လာကြသည်။

"ဝေါင်း"





ရှိရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျားကြီးက ဒုတိယအကြိမ်အဖြစ်ဟိန်းလိုက်ပြန်သည်။ နှုတ်ဆက်သည့်သဘောပင်ဖြစ်ပါလိမ့်မည်။ မကြာမီ ဂူကြီးတစ်လုံး၏အဝင်ကို ဘွားခနဲတွေ့လိုက်ရသည်။ အတွင်းတွင် မီးရောင်ကို မြင်နေရသည်။ အဘိုးအိုက ဂူကြီးအတွင်းကို ဦးဆောင်ခေါ်သွားသည်။ ဝင်ဝင်ချင်းပင် လူလတ်ပိုင်းအရွယ်ရှိသည့် လူတစ်ယောက်က သူတို့ကိုဆီးကြိုနေလေ၏။ ယောဂီရောင်ဝတ်စုံကိုဝတ်ထားသည်။

''သူက မင်းရဲ့အစ်ကိုလေ''

''ဗျာ''

သူ ထိုလူကို သေသေချာချာကြည့်မိသည်။ ရုပ်ချင်းအတော်ဆင်တူနေတာ အံ့သြဖွယ်မြင်တွေ့ရ၏။

''ကျွန်တော့် မိဘတွေက ကျွန်တော့်ကိုတစ်ယောက်တည်းမွေးထားတာအဘိုး''

''ခုဘဝတော့ ဟုတ်တာပေါ့ကွယ်၊ ဒါ – ဟိုအရင်ဘဝကတော်စပ်ခဲ့တဲ့အစ်ကို''

''အရင်ဘဝက''

ထိုလူ သူ့ကိုနှစ်လိုဖွယ်ပြုံးပြရှာသည်။ သူကတော့ ဘာမှနားမလည်နိုင်တော့ပေ။

''ကိုင်းသွားကြစို့''

အဘိုးအိုခေါ်ဆောင်ရာနောက်သို့ သူတို့ဆက်လိုက်လာခဲ့ကြသည်။ ဂူကြီးထဲတွင် လူတစ်ယောက်မျှမရှိ။ အားလုံးတိတ်ဆိတ်ငြိမ်သက်နေသည်။ ထိုသို့ဖြင့် သူတို့ဂူကြီးအတွင်းပိုင်းသို့ဝင်ခဲ့ကြသည်။

အတွင်းတွင် ထူးထူးဆန်းဆန်းဝါးပင်တွေပေါက်နေတာတွေ့ရ၏။ ဝါးပင်တွေက အရှည်ကြီး သို့တိုင်ဂူအမိုးကိုမထိ။





''မင်းကြိုက်တဲ့ ဝါးတစ်ပင်ကိုနှုတ်ယူလိုက်''

''ဝါးပင်ကို ကျွန်တော်ဘာလုပ်ရမှာလဲ အဘိုး''

''နှုတ်ဆိုနှုတ်လိုက်ပါ၊ တခြားဘာမှ ထွေထွေထူးထူးမေးမနေနဲ့''

ထိုအမိန့်ကြောင့် သူ ဘာမှဆက်ပြောမနေတော့ဘဲ နှုတ်ဆိုသည့်အတိုင်း နှုတ်လိုက်လေသည်။ သာမန်ဝါးတစ်ပင်ဆိုလျှင် လက်ကလေးဖြင့်နှုတ်ရန် ဘယ်လိုမှမဖြစ်နိုင်သော ဝါးပင်မှာ ယခုတော့ အင်အားမစိုက်ရပါပဲနှင့် အမြစ်မှ ကျွတ်ထွက်သွားလေ၏။ လက်ထဲပါလာသော ဝါးပင်ကိုကြည့်လျက် –

''မင်းသီဟရေ သူ့ကိုဆစ်ပိုင်းလေးပေးလိုက်ပါဦးကွာ''

စောစောက အစ်ကိုဆိုသည့်လူက ဝါးကိုယူကာ ဓားတစ်ချောင်းဖြင့် အဆစ်အပိုင်းပြုလုပ်လိုက်လေသည်။ စုစုပေါင်း အပိုင် (၁၀) ပိုင်းကျော်ကျော်လောက်ရသည်။ တချို့အပိုင်းများသည် အဆစ်အပိတ်များဖြစ်ကြသည်။ ထိုအဆစ်အပိတ်များထဲမှ အပိုင်းတစ်ပိုင်းကို သူ့အားကမ်းပေးသည်။

''ဒါကို မင်းလိုအပ်သလို သုံးပါ''

''ကျွန်တော် ဘယ်လိုသုံးရမှာလဲ''

''ဒါကတော့ မင်းရဲ့ထိုးထွင်းတဲ့ အသိဉာဏ်နဲ့ မင်းကံကြမ္မာပေါ်မှာ မူတည်တယ်၊ တို့အနေနဲ့ ထွေထွေထူးထူး ဘာမှပြောစရာမလိုဘူး၊ ကိုင်း – မင်းပြန်နိုင်ပြီ''

သူ့အတွေးတွေက သိပ်ပြီးရှင်းရှင်းလင်းလင်းမရှိသေး။ မေးစရာမေးခွန်းတွေက ရှိသေးသည်။ သို့သော် သူ့စိတ်အစဉ်ကို သိနေပုံရသည့် အဘိုးအိုမှာ ...

''မင်း တို့ကို မေးခွန်းတွေ မေးချင်နေသေးတယ်မဟုတ်လား၊ မမေးနဲ့တော့မြေး၊ တို့မှာ မင်းအတွက်အဖြေမရှိဘူး၊ မင်းနဲ့တို့ဟာ ရှေ့ဘဝကရှိခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



ရေစက်တွေကြောင့် အခုလို ဆုံတွေ့ခဲ့ရတယ်လို့ပဲ မှတ်လိုက်ပါ။ ကဲ … မင်း မြင်လို့ရပြီ

သူ့စာဒကတက်ရန်လမ်းမမြင်တော့ပေ။ ထို့ကြောင့် သူ့ဒူးထောက်ထိုင်နေသော လက်အုပ်လေးချီလိုက်သည်။

"ကျွန်တော် ကန်တော့ခဲ့ပါတယ် အဘိုး"

"အင်း … လူတိုင်း လူတိုင်း သဗ္ဗေသတ္တာ၊ ကမ္မသကာပေါ့လူလေးရယ်"

ဆုပေးပုံက တစ်မျိုးပင်။ သူကြားဖူးနေကျ ဆုမျိုးမဟုတ်။ သူ လေးလေးမြတ်မြတ်ဦးခိုက်ကာ ရှစ်ခိုးလိုက်၏။



မနက်မိုးလင်းလာသည်နှင့် သစ်ခုတ်သမားတွေအားလုံး စာရေးဆရာကို ရှာဖွေကြသည်။ သူ့သစ်ခုတ်စခန်းသို့ တည့်တည့်မတ်မတ်ပြန်လာခဲ့၏။

"ဟော့ … ဟိုမှာ စာရေးဆရာပြန်လာပြီ"

သူ့ကိုမြင်တော့ အားလုံးပျော်သွားကြသည်။ ဘယ်နေရာတွင် အလောင်းတွေ့ရမည်လဲ ဟူသော စိုးရိမ်စိတ်တွေ ဝေးသွားသည်မို့ တစ်ယောက်တစ်ပေါက်မေးကြသည်။ သူ့လက်တွင်းလည်း ဝါးဆစ်ပိုင်းလေးကိုင်လျက် …

"ဘယ်လိုဖြစ်ရတာလဲ စာရေးဆရာရယ်"

ကိုမြတ်ဦး အလောတကြီးမေးလိုက်သည်။

"ခင်ဗျားကြောင့် ကျွန်တော်တို့ပြန်အိပ်လို့မရတော့ဘူးဗျ"

"ကျွန်တော် အတွက်အားလုံးစိတ်ပူနေတာသိရလို့ စိတ်မကောင်းပါဘူးဗျာ … တောင်းပန်ပါတယ်၊ ကျွန်တော်လည်း မောင်တူးကိုနှိုးပြီးပြောခဲ့မလို့ကြံပါသေးတယ်၊ ဒါပေမဲ့ … အဘိုးက မနှိုးပါနဲ့လို့ပြောလာလို့"

"အဘိုး … အဘိုးဆိုတာ ဘယ်သူလဲ၊ ဘယ်ကလဲ"

"ကျွန်တော် ပြောပြပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com

သူက အကြောင်းစုံကိုရှင်းပြလိုက်လေသည်။ အားလုံးက စိတ်ဝင်တစား နားထောင်ကြသည်။ တချို့က မယုံတစ်ဝက်၊ ယုံတစ်ဝက်။

"ဒါဆို … သူတော်ကောင်း သူတော်မြတ်ပဲဖြစ်နိုင်တယ်"

"ကျွန်တော့်ကို ဟောဒီဝါးဆစ်လေးပေးလိုက်တာပါပဲ"

ကိုမြတ်ဦးက ဝါးဆစ်လေးကို သေသေချာချာကြည့်သည်။

"ဝါး … ဝါးအမြုတေပဲ"

"ဝါးအမြုတေဆိုတာ ဘာလဲ"

"ဝါးအမြုတေဆိုတာ ဝါးအတွင်းမှာဖြစ်ပေးနေတဲ့ ထူးခြားမှုတစ်ခုပဲ၊ ဝါးရဲ့အတွင်း အဆစ်နှစ်ခုကို ဝါးကြိုးနဲ့ချိတ်ထားသလို ရှိနေတတ်တယ်၊ ဝါးရဲ့ အတွင်းမျက်နှာပြင်ကိုမထိဘဲ အဆစ်နားမှာ တစ်ချက်တွန့်ပြီး သူ့ဘာသာသူ လွတ်လွတ်လပ်လပ်ရှိနေတတ်တယ်"

ကိုမြတ်ဦးက ဝါးဆစ်လေးကိုလှည့်ပတ်ကြည့်ကာ စကားဆက်ဆိုပြန်သည်။

"ဝါးအမြုတေဟာ အများအားဖြင့် နှစ်ပေါက်ဝါးရဲ့နောက်အဆစ်မှာ ရှိတတ်တယ်၊ နှစ်ပေါက်ဝါးဆိုတာက ဝါးလုံးမှာအခေါင်းပေါက်တစ်ပေါက်တည်းပါရှိတတ်ပေမယ့် အချို့ဝါးတွေမှာ အခေါင်းပေါက်နှစ်ပေါက်ပါရှိတတ်တယ်၊ အဲဒီလို အခေါင်းပေါက်နှစ်ပေါက်ပါရှိတဲ့ဝါးကိုခေါ်တယ်၊ ဝါးအမြုတေကို မှိုင်းဝါးထဲမှာ အများဆုံးတွေ့ရတတ်တယ်"

"ဘာစွမ်းသလဲ ကိုမြတ်ဦး"

"အဲဒါတော့ ငါတိတိကျကျမသိဘူး"

"ခင်ဗျား အဲဒီနေရာကိုမှတ်မိသေးလား"

"လမ်းကိုမှတ်မိတယ်၊ ပြန်သွားရင်တော့ ရောက်မယ်ထင်တာပဲ"





ဘာကြောင့်ရယ်တော့ မပြောတတ်၊ ထိုနေရာသို့ ကိုမြတ်ဦးစိတ်ဝင်စားနေသည်ကတော့ အမှန်ပင်။

"ဥစ္စာစောင့်သိုက်လည်း ဖြစ်ချင်ဖြစ်နိုင်တယ်"

"အထဲကို ဆက်ရှာရင်ရတနာတွေ တွေ့ချင်တွေ့နိုင်သေးတယ်"

"ကျွန်တော်တို့ တစ်ခေါက်လောက်သွားကြည့်ရင်ကောင်းမယ်"

သို့ဖြင့် …

သစ်ခုတ်ရက်နောက်ဆုံးနေ့တွင် ကိုမြတ်ဦးခေါင်းဆောင်ကာ သစ်ခုတ်သမားတချို့နှင့်အတူ စာရေးဆရာအားလမ်းပြစေလျက် ဝါးများပေါက်နေသည့်ဂူကိုရှာဖွေခဲ့ကြသည်။

"ဒီနေရာအထိတော့ အသေအချာပဲဗျ"

မည်သို့ပင်ရှာရှာ ဂူကြီးကိုတော့မတွေ့တော့ပေ။

"ဒါဘယ်လိုဖြစ်တာလဲ"

တချို့စာရေးဆရာစကားကို သံသယနည်းနည်းဝင်လာသည်၊ စိတ်ကူးရှိရာပြောခဲ့သလားဟူ၍လည်းထင်ကြသည်။ သူကလည်းမခံချင်။ ထို့ကြောင့် ဖွဲမလျှော့ဘဲ ဆက်လက်ရှာဖွေရာ တောမှာ နက်သထက်နက်လာရုံကလွဲလျှင် မည်သည့်ဂူကိုမျှမတွေ့ခဲ့ရသောကြောင့် စိတ်လျှော့ကာပြန်လာခဲ့ကြ၏။

တောင်ပေါ်မှဆင်းလာပြီး သုံးရက်ခန့်အကြာတွင် သူရန်ကုန်သို့ပြန်လာခဲ့သည်။ သူနှင့်အတူဝါးဆစ်ပိုင်းလေးပါလာခဲ့၏။ ထိုဝါးဆစ်ပိုင်းလေးသည် သူ့အတွက် မည်သို့အသုံးဝင်မည်မှန်းတော့ လုံးလုံးမသိခဲ့တာအမှန်ပင်။

www.burmeseclassic.com

## အခန်း [၃]

## သူ . . . ဘယ်သူလဲ

စာရေးဆရာနေမင်းဇော် အဝေးပြေးကားပေါ်မှဆင်းဆင်းချင်း ပတ်ဝန်းကျင်မှ ဖေ့ဝဲတိုက်ခတ်လာသော လေကောင်းလေသန့်ကို တဝကြီးရှူပစ်လိုက်သည်။ သူဆင်းလိုက်သည့်နေရာက ထောက်ကြန့်အလွန်ရှိ ကုန်းတလပေါင်စုံပြကျေးရွာ။ သူ သည်ရွာတွင်လာရောက်ငှားရမ်းနေထိုင်ခဲ့သည်မှာ (၁)နှစ်ခန့်တော့ရှိမည်။ ရွာဆိုသော်လည်း သေးသေးကွေးကွေးတော့မဟုတ်။ အိမ်ခြေထောင်ကျော်ရှိသည်။

တစ်ရွာလုံးကို ခြံတွေက ကြီးစိုးထားသည်။ ခြံပိုင်ရှင်အား အတပ်ပြောမှ ရှာရဖွေရလွယ်ကူသည်။ ခြံရှင်တွေ လုံးချင်းအိမ်လေးများဆောက်ကာ ငှားစားတတ်ကြသည်။ အနယ်နယ်အရပ်ရပ်ရှိလူများ ရန်ကုန်သို့ချဉ်းကပ်လာသည့်အခါ ကုန်းတလပေါင်လိုနေရာမျိုးကို မျက်စိရောက်တတ်ကြသည်။ အဝေးပြေးလမ်းမကြီးပေါ်တွင်ရှိခြင်း၊ အိမ်လခသက်သာခြင်း၊ မြို့ထဲသို့ (၁) နာရီကျော်ကျော် ဖြင့်ရောက်ခြင်း၊ အစားအသောက်ဈေးချိုခြင်းတွေက ပစ်မှတ်တစ်ခုသဖွယ်





ဖြစ်လာခဲ့၏။ အနီးဝန်းကျင်တွင် စက်ရုံများရှိခြင်းကြောင့် အလုပ်ရှာရ ဖွေရ လွယ်ကူလာခြင်းလည်းပါဝင်ပါသည်။ ယခုဆိုလျှင် ရွာခံများထက် နေရာဒေသမျိုးစုံမှ စိမ့်ဝင်လာသော လူဦးရေက အရေအတွက်ပိုများလာသလိုပင်။

ရွာထိပ်ရှိလက်ဖက်ရည်ဆိုင်များ၊ ထမင်းဆိုင်များ၊ ကုန်စုံဆိုင်များကို သူဖြတ်လာခဲ့သည်။ ရုံးနားရှိကွမ်းယာဆိုင်များတွင် သူကွမ်းဝယ်နေစဉ် —

"ဗျို့စာရေးဆရာ ... ပြန်လာပြီလားဗျ"

ထိုအသံကြောင့် သူနောက်သို့လှည့်ကြည့်ဖြစ်၏။

"အား ... ဦးရွှေရိုး"

ဦးရွှေရိုးမှာ သူလက်ရှိငှားနေရာခြံကို ထိန်းသိမ်းစောင့်ရှောက်နေရသူဖြစ်၏။ ခြံပိုင်ရှင်က သည်မှာမနေ။ မြို့ထဲတွင်နေခြင်းဖြစ်သည်။ တစ်နှစ်နေမှ သုံးလေးခေါက်လောက်သာ လာရောက်ကြည့်ရှုနိုင်သည်။ ခြံကိစ္စအဝဝကို ကုန်းတလပေါင်တောင်ပိုင်းတွင် နေထိုင်သည့်ခြံရှင်၏ အစ်မဝမ်းကွဲက တာဝန်ယူထားသည်။

"ဟုတ်တယ်ဗျာ — ခုလေးတင်ရောက်တာ"

"ကျုပ်ကစာရေးဆရာကိုမျှော်နေတာဗျ။ စကားပြောဖော်မရှိလို့"

"ဘာလဲ အခု — ဆိုင်ကထွက်လာတာမဟုတ်လား"

"ဟုတ်တယ်ဗျို့ ... ထုံးစံအတိုင်းအမြည်းလေးပေါ့ဗျာ ဟား ... ဟား"

သူ့စကားကိုသူ သဘောကျစွာ ရယ်နေပြန်သေးသည်။

"စာရေးဆရာသွားတာ တစ်လနီးပါးလောက်ရှိမယ်ထင်တယ်"

"ရက် (၂၀)ကျော်လေးပါဗျာ"

"အေးဗျာ — ကျုပ်တော့ အကြာကြီးလို့ထင်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



ကွမ်းယာဆိုင်က သူ့ကိုကွမ်းယာထုပ်လှမ်းပေးသည်။ ဦးရွှေရိုးက သူ့ထံ တစ်ယာယူစားကာ ခြံဘက်သို့အတူတူလျှောက်လာခဲ့ကြသည်။

ဦးရွှေရိုးမှာ ညှော်ခံအလုပ်ကိုကျွမ်းကျင်သလို အရက်ကိုလည်းကြိုက်ရှာ ရှင်သည်။

သို့သော် အလွန်အကျွံဘယ်တော့မှမသောက်။ စားကောင်းရုံ အလုပ် လုပ်လို့ကောင်းရုံ။

"ခြံထဲမှာ ဘာအပြောင်းအလဲတွေရှိသေးလဲ"

သူတို့နေထိုင်ရာခြံထဲတွင် လုံးချင်းအိမ်လေးများနှစ်ဆယ်ကျော်ရှိသည်။ လာနေသူတွေက လူစုံ။ လက်သမားအစ၊ ကားသမားအထိပါသည်။ အထူးသဖြင့် လက်လုပ်လက်စားတွေက ပိုများသည်။ တချို့ လင်မယားနှစ်ယောက်စလုံး မနက်မိုးလင်းကတည်းကထွက်သွားသည်။ ညနေရောက်မှ ပြန်လာသည်။ ဘာလုပ်လို့ လာလုပ်မှန်းမသိ။ ထိုကဲ့သို့ လူမျိုးတွေလည်းရှိသည်။

"သိပ်တော့ ထူးထူးခြားခြားမရှိပါဘူး၊ အမိုးကတော့ ဝက်ဆီဖော် ပြောင်းရောင်းနေလေရဲ့"

"အရင်း ဘယ်ကရလို့လဲ"

"နယ်က သူ့အမျိုးတစ်ယောက်ရောက်နေတာတော့တွေ့တယ်၊ အဲ ကယူတာများလားတော့မသိဘူး"

အမိုးက ကရင်အမျိုးသမီးဖြစ်ပြီး အသက်လေးဆယ်ကျော် ငါးဆယ် နီးပါးခန့်။ ကလေးက သုံးယောက်။ မိုက်တွေပဲဖြစ်သည်။ လင်က နာဂစ်ဖြစ်ကတည်း က ဇာတိမြေပြန်သွားပြီး ယခုတိုင်ပေါ်မလာတော့၊ ဘာသတင်းမှလည်းမကြား ထို့ကြောင့် ကြုံရာကျပန်းစားသောက်လုပ်ကိုင်နေရသူ။ ဘယ်အရာမဆိုပွင့်ပွင့် လင်းလင်းပြောတတ်သူ။ မိသားစု ဝမ်းရေးအတွက် ဘာမဆိုအရှက်အကြောက်မ





ရောင်းဝယ်တတ်သူ။

"ကိုသုတတို့လင်မယားကတော့ လောလောဆယ် အလုပ်ပြတ်လေ ရဲ့"

ကိုသုတက လက်သမားဆရာ။ ပရိဘောဂဘက်တွင်ကျွမ်းကျင်သူ။ အလုပ်ကောင်းစဉ်က သူ့အားသန်ရာတွင် လက်စွမ်းပြနိုင်ခဲ့သော်လည်း နောက် ပိုင်း အလုပ်ရှားလာသည့်အခါ အနုဖြစ်စေ၊ အကြမ်းဖြစ်စေ တွေ့မရှောင် လိုက်လံလုပ်ကိုင်နေရသူ။ ယခုအလုပ်ပြတ်နေသည်ဆိုတော့ ချေးငှားစားရုံကလွဲ ၍ ဘာတတ်နိုင်ပါမည်လဲ။

"ဟိုတလောက ခြံထဲကိုနိုးပြေးလာတဲ့ စုံတွဲတစ်တွဲတော့ရောက်နေ တယ်ဗျ၊ ကောင်မလေးက ကောင်လေးကိုနိုးလာတာနော်၊ ကောင်လေးမှာ မယားကြီးရှိတယ်ဆိုလား၊ သူတို့နှစ်ယောက် ငယ်ချစ်ဦးတွေလို့ပြောကြတာ ပဲ ... ဘာတွေမှန်းတော့မသိဘူး"

ခြံထဲတွင် ဘဝတွေကစုံသည်။ အကြောင်းအရာတွေကစုံသည်။ ပြောရလျှင် ဆုံးနိုင်တော့မည်မထင်။ အားလုံးကိုတော့ မျက်မှန်းတမ်းမိရုံကလွဲလျှင် အခေါ်အပြောသိပ်မရှိ။ သူစာရေးဆရာမှန်းတော့ အားလုံးကသိနေကြသည်။

သူနှင့် ဦးရွှေရိုး စကားတပြောပြောနှင့် လျှောက်လာကြရင်း ခြံရှေ့ ရောက်လာခဲ့ကြသည်။ ခြံထဲတွင် အလှကြည့်အပင်တွေသာ သီးခြားစိုက်ထား သည်။ ထန်းအုန်း၊ ပင်လယ်ကဗွီး၊ မုန်တိုင်းဆိုက်ပရက်၊ အုန်းမွှားကဲ့သို့ အပင် တွေကများသည်။ အပင်ပွဲစားတွေရှိသည်။ ဟိုတယ်တွေ၊ စားသောက်ဆိုင်တွေ ငွေကြေးတတ်နိုင်သည့် အိမ်တွေကမှာလျှင် အပင်လိုက်မြေကြီးမှတ္တားတာ ကားဖြင့်သယ်သွားကြသည်။ အပင်တန်ဘိုးကလည်း မသေး။ သောင်းကထောင် ကျော်တွေကြီးကပင်။

www.burmeseclassic.com



"တိုင်း ညနေရောက်မှ ဆုံကြတာပေါ့ဗျာ။ လုပ်စရာလေးတွေ ရှိသေးတယ်"

"ကောင်းပြီဗျာ ... ကောင်းပြီ"

သူခြံအတွင်းသို့ဝင်လာခဲ့သည်။

"စာရေးဆရာကြီး ပြန်လာပြီလား ... ဘာစားစရာပါလဲ"

ဟင်းရွက်စျေးတွင် ဟင်းသီးဟင်းရွက်ရောင်းသည့် ဒေါ်ရင်မေက လှမ်းနှုတ်ဆက်သည်။

"ထွေထွေထူးထူးမပါ,ပါဘူးဗျာ။ ရော့ ... ဖြူးအပြန်လက်ဆောင်ကတော့ မြေပဲယိုလောက်ပါပဲ"

သူက မြေပဲယိုတစ်ချပ်ကိုလှမ်းပေးလိုက်သည်။

ထို့နောက် သူဆက်လျှောက်လာခဲ့သည်။ မနက်ပိုင်းမို့ အိမ်တံခါးပိတ်ထားတာတွေကများသည်။ အလုပ်သွားနေကြသူတွေက များသည်မဟုတ်လား။ သူနှင့်ရင်းနှီးသည့် ကိုသုတနှင့် အမိုးတို့အိမ်တွေသည်ပင် သော့ခလောက်တန်းလန်း။ အလုပ်မရှိသည့်တိုင် စားဖို့သောက်ဖို့ကိုတော့ ရှာဖွေရဦးမည်လေ။

သူ့အိမ်ခြံကအနောက်ဘက်အစွန်ဆုံးရှိ ဝါးရုံပင်အောက်တွင်ဖြစ်သည်။ သူ့စိတ်တိုင်းကျအိမ်လေး။ သူတစ်ယောက်တည်းအတွက်တော့ ကောင်းကောင်းလုံလောက်ပါသည်။ အေးချမ်းသည်။ တိတ်ဆိတ်ငြိမ်သက်သည်။ အတွေးများစွာပွားနိုင်သည်။ ထို့ကြောင့် အခြားနေရာသို့မပြောင်းဖြစ်ပဲ သည်နေရာတွင် အနေမြဲခဲ့ခြင်းဖြစ်သည်။

သူ အိတ်အတွင်းမှ ပစ္စည်းတွေကိုထုတ်သည်။ လျှော်ဖွပ်ရမည့် အဝတ်အစားတွေကများသည်။ ဝါးဆစ်ပိုင်းလေးကို ကိုင်မိတော့ စိတ်ထဲတွင် ကြက်သီးမွေးညှင်းထ,သွားသည်။





"ဘာဖြစ်တာလဲ"

ထူးဆန်းစွာရလာခဲ့သည့် ပစ္စည်းလေး။ သူ့အဘွက် ဘယ်လိုအသုံးဝင်မှာလဲ ... သူမတွေးတတ်အောင်ဖြစ်ရသည်။ ယင်းသို့ဖြင့် အမြင့်တစ်နေရာတွင် တင်ထားလိုက်၏။ နယ်မှလက်ဆောင်ပေးလိုက်သည့် ပစ္စည်းတိုတိုထွာထွာတွေကလည်း အများသား။

ရင်းနှီးသူတွေကိုပြန်ပေးရမည်။

ခရီးပန်းလာသောကြောင့် သူ တရေးတမောအိပ်ရန်စိတ်ကူးလိုက်၏။ အိပ်ရာပေါ်လှဲ၍ မကြာမီပင် မျက်လုံးတွေလေးလံလာသည်။ ယင်းနောက် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားပါတော့၏။

အိပ်မက်ထဲတွင် ဆံပင်ဖားလျားချမိန်းမတစ်ယောက် သူ့ထံ တည့်တည့်မတ်မတ်လာနေတာ မြင်တွေ့ရလေ၏။

"သူ ... ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com

အခန်း [ ၄ ]

## ပြဿနာများနှင့် ရောက်လာသည့်မိန်းမ

အမျိုးသမီးတစ်ဦးနှင့် အထုပ်အပိုးများကိုသယ်ဆောင်လာသော ဆိုက်ကားသည် ဦးအောင်မြင့်နိုင် ခြံရှေ့အရောက်တွင် တိခနဲရပ်သွားသည်။

''ဒီခြံသေချာပါတယ်နော်''

''ကျုပ်က ဒီရွာခံဗျ။ ဦးအောင်မြင့်နိုင်ခြံဆိုရင်ဒါပဲ ... နာမည်တူလည်းမရှိဘူး''

''ဒါဆိုလည်း ပြီးတာပဲ''

အမျိုးသမီးစကားကို ခပ်ပြတ်ပြတ်ဆိုကာ ဆိုက်ကားပေါ်မှဆင်းလိုက်သည်။

ဆိုက်ကားဆရာက သူမနှင့်အတူ အထုပ်အပိုးတွေဝိုင်းချပေးသည်။

''ဘယ်လောက်ပေးရမှာလဲ''

''ငါးရာ''

''ဘာရှင့်''





''ဒီလမ်းမှာ လူတစ်ယောက်ထဲဆို သုံးရာ ... ပစ္စည်းပါတယ်ဆိုရင် ငါးရာ ... ဒါထုံးစံပဲ''

''ဒီလိုရွာသိမ်၊ ရွာငယ်လေးတောင် ဒီလောက်တောင်းရသလား၊ ...ျားတယ် မပေးနိုင်ဘူး''

''ကျုပ်ပိုတောင်းနေတာမဟုတ်ဘူး၊ ဈေးအမှန်ပြောနေတာ''

''ရှင်မတရားတောင်းနေတာ''

''ခင်ဗျားစီးကတည်းက ဈေးမေးစီးပါလား၊ မရှိလို့ဆို ကျုပ်အလကား ...တောင်လိုက်ပို့ချင်ပို့ဦးမယ် ... ခုတော့ဗျာ ... ဒီရောက်မှလူပါး၀တယ်''

''ရှင့်ကိုသုံးရာပဲပေးမယ်''

''မရဘူး''

အမျိုးသမီး၏အပြောအဆိုတွေက အနည်းငယ်ရင့်သီးလာသည့်မို့ ...က်ကားသမားဒေါကန်သွားသည်။ ခြံအတွင်း မိန်းမတချို့ကတော့ ကွက်ကြည့် ...က်ကြည့်။

''မပေးနိုင်ဘူးဆိုရင်ကော''

''ရုံးသွားတိုင်မှာပေါ့ဗျ''

''ရှင်တိုင်တဲ့ရုံးကို ကျွန်မကြောက်မယ်များထင်နေသလား၊ ကျွန်မက ...သတ်မှုနဲ့ အခုမှထောင်ထဲကထွက်လာတာ''

''ခင်ဗျားဘာသာ ဘယ်ထဲကထွက်ထွက် ကျုပ်ဂရုမစိုက်ဘူး၊ ကျုပ် ...ကြောင်းကောင်းကောင်းသိစေရမယ်''

ဆိုက်ကားသမား ပြောပြောဆိုဆိုလှည့်ထွက်သွားသည်။

''ဘယ်သွားသွား ... သွားချင်ရာသွား''

ထောင်ထွက်ဆိုသော စကားကြောင့် ခြံအတွင်းရှိမိန်းမတချို့ မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



တွေ့တင်တာနဲ့သည်။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျှက် ပခုံးတွန့်ကြသည်။

"ဒီမယ် ... ဒီမယ် ... ဦးရွှေရိုးဆိုတဲ့ ခြံစောင့်အိမ် ဘယ်မှာလဲ"

"ဟိုးဘက်ထောင့်က အစုတ်ဆုံးအိမ်"

"သူရှိလား"

"မသိဘူး ... သွားကြည့်ပေါ့"

"ရှင်တို့ ဒါလေးတောင်မသိဘူးလား"

"သူရှိမရှိ သိရအောင် ကျွန်မတို့က သူ့မယားတွေမှမဟုတ်တာ".

အမေးခံရသူက ခပ်ငေါ့ငေါ့ပြန်ဖြေသည်။

ထိုအမျိုးသမီးမှာ အလှကြီးမဟုတ်သော်လည်း ကြည့်ပျော်ရှုပျော်လောက်တော့ရှိသည်။ ဆံပင်အုံကောင်း၍ ကျောပြင်ထိရောက်သည်။ မျက်နှာက ခပ်ဝိုင်းဝိုင်း။ အထူးခြားဆုံးမှာ ထူထူထဲထဲမျက်ခုံးနှင့် စူးရဲတောက်ပသော မျက်လုံးတို့ပင်။ သူမအကြည့်တွေက မာကြောအေးစက်လွန်းသည်။ မျက်လုံးချင်းဆုံလာလျှင် တစ်ဘက်သားမှ စတင်လွှဲဖယ်ပေးရမည့်လောက် ရဲရဲပြတ်ပြတ်ရှိလှ၏။ ထူထူထဲထဲနှုတ်ခမ်းကတော့ ရမ္မက်ကြီးမည့်အနေအထားပင်။

သူမအထုပ်အပိုးများကို သည်အတိုင်းထားကာ အစွန်ဆုံးအိမ်လေးဆီလျှောက်လာခဲ့သည်။ အိမ်ရှေ့အရောက် ဟိုဟိုသည်သည်လှမ်းကြည့်လျှက်

"အထဲမှာ လူရှိလား"

ထမင်းစားရန်ပြင်ဆင်နေသည့် ဦးရွှေရိုးက သူ့အားခေါ်သံကြားသဖြင့် ခေါင်းလေးဆတ်ခနဲထောင်မတ်သွားကာ —

"ဘယ်သူလဲဟေ့"

"ဦးရွှေရိုးကိုတွေ့ချင်လို့"





စေ့စေ့ထားသော တံခါးကိုအသာဟ,ကာကြည့်လိုက်တော့ သူတစ်ခါမှမမြင်ဖူးသည့် မျက်နှာစိမ်းဖြစ်သောကြောင့် ... ။

"မင်း ... ဘယ်သူလဲ"

"ဒုံးကျည်မ"

"ဘာရယ်"

"ဒုံးကျည်မပါဆို၊ ဘာလဲထပ်မေးရသေးလား"

"ဒါ ... နာမည်အစစ်ပဲလား"

"စစ်ချင်စစ်၊ တုချင်တု အမေမွေးကတည်းက ဒီနာမည်တစ်လုံးတည်းပဲရှိတယ်"

"မှတ်သားစရာပဲ"

"ကျွန်မက နာမည်ကြီးလူဆိုးစာရင်းဝင်လေ၊ မှတ်ကိုမှတ်ရမှာ"

"လူဆိုးစာရင်း"

"သိပ်ဟုတ်တာပေါ့၊ မနေ့ကမှ လူသတ်မှုနဲ့ထောင်ကထွက်လာတာ"

"ဟေ"

ဦးရွှေရိုးပါးစပ်လေးဟ,ပွင့်လျှက်ဒုံးကျည်မဆိုသူကို ရုတ်တရက်အကဲခတ်လိုက်သည်။ ကိုယ်လုံးကိုယ်ထည်နှင့် ဟန်ပန်တွေကဖြစ်နိုင်လောက်သည်တွေးဖြစ်သည်။

"နို ... နေပါဦး၊ မင်းက ဘာကိစ္စ ... "

"ဒီခြံမှာ နေမလို့"

"ဟာ ... မင်းနဲ့မဖြစ်ဘူးထင်တယ်"

"သိပ်ကိုဖြစ်တာပေါ့ ... လစာတောင်ပေးမှာမဟုတ်ဘူး"

"ဘာရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဦး—တာလေ တော်တော်နားဝေးတာပဲ တစ်ခါပြောတာနဲ့ ဘယ်လို့နား—ည်နိုင်ဘူး"

"ဟောဟော မင်းစကားတွေကကြီးမှန်းမသိ ငယ်မှန်းမသိလွန်နေပြီနော်ဘဲ _ ကဲမင်းပြန်တော့ ဒီခြံမှာမင်းကိုမထားနိုင်ဘူး"

"မထားလို့ရမလား"

"ဘာကွ"

"ကျွန်မ ဒီမှာ နေကိုနေရမှာ"

"မငှားနိုင်ဘူးလို့ပြောနေတာ မင်းမကြားဘူးလား၊ ထွက်သွားကွာ၊ ထွက်သွား"

"ဘယ်တော့မှထွက်မသွားဘူး"

"ငါကွာ"

ဦးရွှေရိုးထိုင်ရာမှ မတ်တတ်ရပ်ရင်း ပုဆိုးပြင်ဝတ်လိုက်သည်။ ခြံထဲက မိန်းမတွေဝိုင်းအုံလာပြန်သည်။ စာစောကဆိုက်ကားသမားနှင့် ပြဿနာဖြစ်တာမပြီးပြတ်သေး။ ခုလည်းခြံစောင့်နှင့်မပြေမလည်ဖြစ်ကြပြန်လေပြီ။

"ဟော့ ... မင်းထွက်သွားမလား မသွားဘူးလား တစ်ခွန်းပဲပြော"

"ဒါက ကျွန်မပြောရမှာမဟုတ်ဘူး။ ဦးအောင်မြင့်နိုင်ကိုမေးရမှာ၊ သူက သေသေချာချာမှာလိုက်တယ်၊ ကျွန်မ ဦးလေးဆီရောက်ရောက်ချင်း ခြံရှင်ကမှန်း ဆက်ပါလို့မှာလိုက်တယ်"

ခြံရှင်ကလွှတ်လိုက်တာတဲ့လား။

ဦးရွှေရိုးအနည်းငယ်တွေဝေသွားသည်။

"မင်း ... ဦးအောင်မြင့်နိုင်ကို ဘယ်လိုသိလဲ"

"ဒါတော့ ကျွန်မ မပြောနိုင်ဘူး"





"မင်းလိမ်နေတာ မဟုတ်ပါဘူးနော်"

"ဆက်သွယ်ရေးတွေ ဒီလောက်ပေါနေတာပဲရှင် _ ခဏလေးလှမ်းလိုက်တာနဲ့အမှန်တရားကို အလွယ်တကူသိနိုင်တဲ့ဥစ္စာများ"

ဦးရွှေရိုးတစ်ချက်စဉ်းစားလိုက်သည်။

"အေး ကောင်းပြီ ငါ့ခြံရှင်ဟာ မင်းလိုရှုပ်ကြောင်ကြောင်၊ ပေါတောတောနဲ့ ဘယ်တော့မှသိမှာမဟုတ်ဘူး။ မင်းဒီနေရာမှာရပ်နေ၊ ငါဖုန်းသွားဆက်မယ်၊ မသိဘူးလို့ဟိုကပြောတာနဲ့ ရိုက်သတ်ပစ်မယ်မှတ်"

"ဒုံးကျည်မလို့လည်း ထည့်ပြောဦးနော်"

သူမက ခနဲ့တဲ့တဲ့လှမ်းပြောလိုက်သေးသည်။ ဦးရွှေရိုး ရှူးရှူးရှဲရှဲဖြစ်ကာ အပြင်သို့ထွက်သွားလေသည်။ သူမခြံအတွင်းသို့ ဝေ့ဝဲအကဲခတ်လိုက်သည်။ စောစောကစပ်စုနေကြသည့် မိန်းမတွေဟန်မပျက်ပြန်နေကြသည်။ ဒုံးကျည်မကတော့ ဘယ်သူ့မှဂရုမစိုက်ပေါင်ဆိုသည့် ဟန်ပန်အပြည့်ဖြင့် ...

သိပ်မကြာ ...

ဦးရွှေရိုးမှန်မှန်ကုတ်ကုတ် လေးလေးပင်ပင်ပြန်လာတာတွေ့တော့ မိန်းမတချို့က စိတ်ဝင်တစားစောင့်ကြည့်နေကြသည်။ ဘာစကားတစ်ခွန်းမျှမဆိုဘဲ အိမ်ရှေ့ကွပ်ပျစ်ပေါ်ဝုန်းခနဲထိုင်ချလိုက်သည်။

"ဒီလူ ဘာတွေလျှောက်လုပ်နေမှန်းမသိပါဘူး"

ခေါင်းကိုကုတ်လျက် တစ်ကိုယ်တည်း တီးတိုးရေရွတ်လိုက်ကာ ငှက်ကြီးအဝေးကိုငေးကြည့်နေသည်။

"ဦးလေး ကျွန်မပြောတာလက်ခံသွားပြီမို့လား"

"စကားအပိုတွေမပြောနေနဲ့ မှတ်ပုံတင်ပေး"

"ဘာအတွက်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ညည်းစာရင်းတိုင်ရမှာပေါ့ဟ"

ထိုအခါ ဒုံးကျည်မတစ်ချက်ပြုံးလျက် အထုပ်များထားရာနေရာဆီသို့ ခြေလှမ်းပြင်လိုက်၏။

"ဟင်"

ဆိုက်ကားသမားနှင့်အတူ လူကြီးတစ်ယောက်ရောက်လာသည်။

"ဒီမိန်းမပဲ"

"လူကြီးက အသားညိုညို၊ ပိန်ပိန်ရှည်ရှည် ကတုံးဆံပင်နှင့်။

"ကလေးတွေလည်းမဟုတ်ကြတော့ပါဘူး ကိုင်းပြောပါဦး ဘယ်လိုတွေ ဖြစ်ကြတာလဲ"

"သူက ... ဦးလေးကိုဘယ်လိုပြောပြီးခေါ်လာတာလဲ"

"ကျသင့်ငွေကိုမပေးဘဲ ... မောက်မောက်မာမာဆက်ဆံလို့တဲ့"

"ဦးလေးလူက မတရားတောင်းတာကိုး"

"ခင်ဗျားတစ်ရွာလုံးပတ်မေးကြည့် ဒီခရီးနဲ့ ဒီဈေးဟာပုံမှန်ပဲ"

"ကျွန်မကတော့ သုံးရာပဲပေးနိုင်မယ်၊ ကြိုက်ရင်ယူ မကြိုက်ရင်မယူနဲ့"

"ဒီမိန်းမတော့ကွာ"

ဆိုက်ကားသမားမှာ ပေါက်ပေါက်ကွဲကွဲဖြစ်သွားသည်။ ဘာမဟုတ်တာလေးနှင့် သည်ကိစ္စအရစ်ရှည်သွားနိုင်သည်။ ဦးရွှေရိုးစိတ်တိုသွားကာ ကွပ်ပျစ်ပေါ်မှ ဝုန်းခနဲထလျက် ...

"တော်ကြပါတော့ဗျာ ... စိတ်ရှုပ်စရာကောင်းလိုက်တာ၊ ဒီမယ် ဒုံးကျည်မ နင်ပေးမယ့် သုံးရာငါ့လက်ထဲထည့်"၊

သူမက ဆောင့်ဆောင့်အောင့်အောင့်နှင့် ငွေသုံးရာကို ဦးရွှေရိုးလက်ထဲ ထည့်သည်။





"ကိုင်း ... ဘာမှဆက်ပြောမနေကြနဲ့တော့ဗျာ၊ ကျုပ်ပဲစိုက်ပေးလိုက်ပါ့မယ် ... ရော့ ... ရော့ ဒီမှာ ငါးရာ"

"ကျုပ်ကပ်ပြီးပြောနေတာမဟုတ်မှန်း ဦးရွှေရိုးလည်းသိလောက်ပါတယ်ဗျာ၊ ဒီမိန်းမပြောတာတွေလွန်လွန်းနေလို့"

"ဟုတ်ပါပြီကွာ ... ဟုတ်ပါပြီ ဦးလေးသဘောပေါက်ပါတယ်၊ ကဲ ကဲ ပြန်ကြပါတော့ ... တောင်းပန်ပါတယ်"

ဦးရွှေရိုးက တောင်းတောင်းပန်ပန်နှင့်ပြန်လွှတ်လိုက်ရသည်။

"ညည်းနေရမှာက ဟောဟိုကအိမ်ပဲ၊ ကိုယ်သော့ကိုယ်ဝယ်ထား၊ ခြံထဲက လူတွေနဲ့ တည့်တည့်ရှုရှုနေ"

"ကိုယ့်အပေါ်ကောင်းရင် ဒုံးကျည်မတို့ဘက်က ပြန်ကောင်းဖို့ ဘယ်တော့မှဝန်မလေးဘူး"

"ကိုင်း ... ကြွမယ့်သာကြွပါ၊ စကားတွေရှည်မနေပါနဲ့တော့"

"လစာပေးစရာမလိုဘူးလို့လည်း ဦးလေးခြံရှင်ကပြောလိုက်သေးတယ်မို့လား"

"တော်တော်အာချောင်တဲ့ ကလေးမပဲ"

"မှတ်ပုံတင်ယူဦးမှာဆို"

"နေပစေ ... ညနေမှလာပေးတော့"

ထို့နောက် ...

သူမ အိတ်များမနိုင်တနိုင်သယ်မကာ သူမနေထိုင်ရမည့် အိမ်ဆီသို့ ထွက်ခွာသွားလေသည်။ ဒုံးကျည်မ နောက်ထပ်ဘာတွေ ကြိုးပမ်းဦးမည်မသိ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၅]

## ကလေးယောက်ျားသည်းကို ခွဲထုတ်စားချင်သည့်စုန်းမ

"ဘာရယ် ... ဘာရယ် ... အဲဒီမိန်းမက စုန်းမဟုတ်လား"

လက်သမားဆရာ ကိုသုတ၏မိန်းမက အလန့်တကြားဆိုလိုက်သည်။ (၂) နှစ်သားအရွယ်ကလေးက သူမရင်ခွင်ထဲတွင် နို့စို့နေလျက် _ ။ ထိုသတင်းစကားကို သယ်ဆောင်လာသည့်အမိုးကတော့ သဘာဝဆေးလိပ်တုတ်တုတ်ကြီးကို မီးများရဲခနဲရဲခနဲနေအောင်ဖွာလျက်က ...

"ဟုတ်ပါတယ်ဆိုနေမှ နားဝေးလိုက်တာ မမြင့်ရယ်"

"ဒီခေတ်ကြီးမှာ ဒါမျိုးတွေ"

"ဟုတ်တယ် အရင်ကလည်းရှိတယ်၊ အခုလည်းရှိတယ်၊ နောင်လည်းရှိနေဦးမှာပဲ"

"အမိုးက ဘာလို့ ဒီလိုပြောရတာလဲ"

"သူ့အိမ်ကို ငါကိုယ်တိုင်ကြည့်လာခဲ့တာ"

"ဘာတွေတွေ့ခဲ့လို့လဲ"





"သူ့အိမ်မှာ ဘုရားစင်မရှိဘူး၊ ဘီလူးခေါင်းသုံးလုံးနဲ့ အမွှေးတိုင်တွေ ဖယောင်းတိုင်တွေ မြိုင်မြိုင်ဆိုင်ဆိုင်ထွန်းလို့"

"အို ... တကယ့်အရိုးခေါင်းတွေ ... "

"သချိုင်းက ယူတာနေမှာပေါ့"

"ဘုရား ... ဘုရား ဘယ်လိုဟာကြီးလဲ"

"ညညဆို လူတွေနားမလည်နိုင်တဲ့ ဂါထာတွေကိုရွတ်နေတာများ အကြာကြီး"

"ဒီမိန်းမ ရူးများရူးနေတာလားမသိတာ"

"ရူးနေတာမဟုတ်ပါဘူးဟယ် ... စုန်းမမှ စုန်းမအစစ်ပါ"

"ဒါဆို ခြံထဲကလူတွေကို ဒုက္ခပေးနိုင်လား"

"ဒါတော့ စောင့်ကြည့်ရမှာပဲ"

"ဒီမိန်းမကို ခြံထဲမှာ မထားသင့်ဘူး"

"ခြံရှင်အမိန့်နဲ့ဆိုတော့ ဘယ်သူကပြောနိုင်မှာတဲ့လဲ"

"ဒီမိန်းမ ဘာတွေကြိုးပမ်းမှာဦးမလဲ မပြောတတ်ပါဘူးနော်"

ဒုံးကျည်မ သည်ခြံသို့ရောက်သည်မှာ တစ်ပတ်ခန့်ရှိသွားပြီ၊ မည်သူ့ကိုမှ စကားမပြောသလို ယောင်လို့ပင်ပြုံးပြနှုတ်ဆက်သည်မရှိ။ မျက်နှာထားက မှုန်တေတေ ရှုံ့ခေါက်ကျိုး၊ အိမ်တွင်ရှိနေလည်း အမြဲလို လိုက်ကာခါးပိတ်နေတတ်ပြီး တစ်ခါတလေ တစ်နေကုန်တစ်နေခန်း အပြင်သို့ ထွက်နေတတ်သည်။ သည်ကြားထဲကိုမှ အမိုးတစ်ယောက် ဒုံးကျည်မအိမ် အတွင်းသို့ မည်သို့စပ်စုလာသည်မသိ။

"တော်ပါသေးရဲ့ ကျွန်မတို့အိမ်နဲ့ တော်တော်လှမ်းနေလို့"

ထိုနေ့က ထိုမျှလောက်နှင့် စကားလက်စအဆုံးသတ်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နှင်းကျည့်မရောက်ပြီး (၁၀)ရက်ခန့်ကြာသည့်နေ့။

ထိုနေ့က မှတ်မှတ်ရရလကွယ်နေ့ ...

လက်သမားဆရာကိုသုတ၏ ကလေးရုတ်တရက်ဆိုသလို အပျင်းများသည်။ ကိုယ်တွေခြစ်ခြစ်တောက်ပူလာသည်။ မလုပ်မရှိ၍ စားဖို့ရာပင် အနိုင်နိုင်ဖြစ်နေသည့်ကာလ ကလေးနေမကောင်းဖြစ်တော့ ပိုစိတ်ညစ်ရ၏။

"ဘယ်လိုလုပ်ကြမလဲ ကိုသုတ"

"ပိုက်ဆံမှမရှိတာ ဆေးခန်းဘယ်လိုသွားမှာတုန်း"

"ဒါဆို ဒီအတိုင်းလက်ပိုက်ကြည့်နေရမှာလား"

ကိုသုတခေါင်းကို တဗျင်းဗျင်းကုပ်ကာ ကြံရာမရဖြစ်နေ၏။

"စာရေးဆရာဆီ သွားပြီး အကူအညီတောင်းကြည့်ပါလား"

"အရင်ယူထားတာတွေတောင် ပြန်မပေးနိုင်ဘဲ၊ မျက်နှာပူစရာ"

"ဒါကတော့ ဘယ်တတ်နိုင်ပါ့မလဲ၊ ခုဟာ အရေးရယ် အကြောင်းရယ် ဖြစ်လာပြီပဲ"

ကိုသုတ သက်ပြင်းကိုခပ်လေးလေးချလိုက်သည်။

"ခုချိန်ဆို စာရေးဆရာကိုရွှေရိုး အိမ်မှာ အရက်သောက်နေပြီလား မသိဘူး"

ထို့နောက် ...

သူ ကိုရွှေရိုးအိမ်ဘက်ထွက်လာခဲ့သည်။ ထင်သည့်အတိုင်းပင်'ဇေ' အရက်ပုလင်းကိုရှေ့ချကာ အချဉ်ထုပ်နှံ့မြည်းနေတာတွေ့သည်။

"ဟော့လူ ကိုသုတ ဘယ်တုန်း"

ကိုရွှေရိုးမြင်မြင်ချင်းဆီးမေးရှာသည်။

"ဘယ်မှမဟုတ်ဘူး ... ခင်ဗျားတို့ဆီကိုပဲ"





"ဘာကိစ္စလဲ"

"အိမ်ကကောင် အခုညနေမှအသားတွေခြစ်ခြစ်တောက်ပူလာလို့၊ ကျွန်တော်လည်း ဘာလုပ်လို့လုပ်ရမှန်းမသိတာနဲ့ လာခဲ့တာ၊ ဆေးခန်းပြဖို့ကလည်းခုတလော စားဖို့တောင်အနိုင်နိုင်၊ စိတ်ညစ်ပါတယ်ဗျာ"

ကိုရွှေရိုးနှင့် စာရေးဆရာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။ စာရေးဆရာက အားနာသည့်လေသံဖြင့် ...

"အင်း ... အဲဒါမှခက်တာပဲ၊ ကျုပ်တို့လည်း ဘိုင်ပြတ်နေလို့ အရက်တောင် အကြွေးသောက်နေရတာ"

စာရေးဆရာတွင်ရှိလျှင် မနေတတ်မှန်း ကိုသုတသိသည်။ ရှိလျှင်ပူကန်မှအေးဆိုသည့်လူစားမျိုး။ တစ်ပတ်တစ်ပတ်စာမူခထုတ်လာလျှင် လက်ထဲတွင်ပူအောင်မထား။ ရော့အင့် ဆိုသလို လက်ဖွာဖွာပေးတတ်သူ။

ကိုရွှေရိုးကအရက်တစ်ခွက်ကိုမော့သောက်ကာ ရေပင်မကူတော့ဘဲ–

"နေပါဦး ... ငါတို့လိုက်ကြည့်စမ်းပါဦးမယ်"

ထို့နောက် ... ကိုသုတအိမ်ဆီသို့ နှစ်ယောက်စလုံးလိုက်လာခဲ့ကြသည်။ ကလေးကို သေသေချာချာကြည့်ကြသည်။

"ကျောပူခေါင်းပူဖြစ်တာပါ၊ နပူးပေါ်ရေပတ်လေးတင်၊ နတ်ရေစင်လေး ဖျော်တိုက်ပြီး ရင်ဘတ်မှာလူးပေးထားလိုက်ရင် သက်သာမှာပါ"

ဦးရွှေရိုးက သူကိုယ်တိုင်လုပ်ပေးသည်။ အခြေအနေကမဆိုးလှ။ ကိုယ်ပူအနည်းငယ်ကျသွားသည်။ အတော်စိတ်ချရမှ သူတို့နှစ်ယောက်ပြန်ခဲ့သည်။ လင်မယားနှစ်ယောက်စလုံး ကလေးနားမှာစောင့်ကြည့်လျက် ... ညနေစာကို ဖြစ်သလိုစားလိုက်ကြသည်။ တစ်ယောက်ထဲမွေးထားသည့်မို့ အတွေ့အကြုံကမရှိ။ သို့ဖြင့် ... (၁၀) နာရီအချိန်ကျော်သို့ရောက်ခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



"အမြင့် ... မင်းအိပ်ချင်အိပ်တော့လေ"

"ရတယ် ... ရတယ် ကိစ္စမရှိဘူး"

"ပြောစကားနားထောင်စမ်းပါကွာ၊ နဂိုကတည်းက မင်းကျန်းမာရေးကောင်းတာမဟုတ်ဘူး"

မမြင့်တွင် ပန်းနာရင်ကျပ်ရှိသည်မို့ တစ်ခါတစ်ခါ ရောဂါထ,လာလျှင် ပြင်းပြင်းထန်ထန်ခံစားရသောကြောင့် ထိုသို့ပြောရခြင်းဖြစ်သည်။

"ရှင်သာအိပ်ပါ၊ မနက်အပြင်ထွက်ပြီးအလုပ်လိုက်ရှာဦး၊ တစ်နေ့တစ်နေ့ ဒီအတိုင်းလုပ်နေရင် ဒုက္ခရောက်လိမ့်မယ်"

"အေးပါကွာ၊ မနက်ထွက်ရှာပါ့မယ်"

အလုပ်မဆင်းသည့်ရက်တွေများလာသည်နှင့်အမျှ အကြွေးတွေတင်လာသည်၊ ဘယ်နေ့ပေးပါမည်ဆိုသော ကတိကဝတ်တွေပျက်လာသည်၊ ကြွေးရှင်ဘက်မှ ယုံကြည်မှုတွေပျက်လာတာနှင့်အမျှ ထမင်းဝတ်ဖို့လမ်းသာမြင်တော့၏။

ခပ်ဝေးဝေးရှိ မီးကင်းမှ (၁၂) နာရီသံချောင်းခေါက်သံကြားရသည်။ မမြင့်က ကလေးကိုတစ်ချက်ကြည့်သည်။ အသက်ရှူသံနည်းနည်းပြင်းလာသည်ကလွဲလျှင် လှုပ်လှုပ်လွန့်လွန့်မရှိ။ ထို့ကြောင့် ဖယောင်းတိုင်မီးကိုမှုတ်လိုက်သည်။ ပတ်ဝန်းကျင်တစ်ခုလုံး မှောင်နှင့်မည်းမည်း။

အတန်ငယ်ကြာတော့ သူမငိုက်ချင်လာသည်။ မျက်လုံးတွေ ကျိန်းစပ်စပ်နှင့် အိပ်ချင်စိတ်ကိုမနည်းတွန်းလှန်နေရသည်။

"အူး ဝူးဝူး ... "

လေးလေးအီအီ အူဆွဲလိုက်သော ခွေးအူသံက ခြံထောင့်မှထွက်ပေါ်လာသည်။





"ဒါ ... ဟိုမိန်းမအိမ်ဘက်ကပဲ"

ခွေးအူသံ ခေတ္တငြိမ်သက်သွားသည်။ သိပ်မကြာ ထပ်မံပေါ်လာပြန်သေ၏။

"အူး ဝူး ဝူး ... "

"အူး ဝူး ဝူး ... "

သည်တစ်ကြိမ်တွင်တော့ တစ်စုံတစ်ရာနောက်သို့ ထပ်ချပ်မကွာလိုက်လာ သည့်သဘော။

"ခြံထဲကို သူခိုးဝင်နေတာလား"

"သူမစိတ်ထဲ ထိုသို့ရေရွတ်လိုက်ပြီး အလွန်အမင်းအိပ်ချင်သည့်ကြားမှ မျက်လုံးကိုမရမကဖွင့်ကာ ခေါင်းထောင်လျှက် ထရံကြားမှ အပြင်သို့ချောင်းကြည့်မိ၏။ အပြင်တွင်အမှောင်ထုကြောင့် ဘာကိုမှမမြင်ရ။

"အုတ် ... အုတ် ... အုတ်"

သို့တစေ ခွေးဟောင်သံကရပ်မသွား။

"ဂီး ... ဂီး ... ဂီး"

ကောင်းကင်မှ ငှက်ဆိုးတစ်ကောင်အသံပေးလျှက် ထိုးပြန်သွားသည်။ ထိုငှက်မျိုးက မင်္ဂလာမရှိသော အတိတ်နိမိတ်ကိုဆောင်သောကြောင့် သူမ အနည်းငယ်စိုးရိမ်သွားသည်။

"ဖွဟဲ့ ... လွဲပါစေ ... ဖယ်ပါစေ"

အသာလေးငြိမ်ကာ နားထောင်နေခဲ့မိသည်၊ ခွေးဟောင်သံက တဖြည်းဖြည်းဝေးကွာသွားပြန်၏။

ထိုစဉ် ...

ဗိုနပ်သံ တဖျပ်ဖျပ်ကြားလာရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

သူမ ဖယောင်းတိုင်မီးထွန်းလိုက်သည်။ ဖိနပ်သံက တဖြည်းဖြည်း နီးသထက်နီးလာသည်။ ခပ်ပြင်းပြင်းတိုက်ခတ်လာသော လေတစ်ချက်က အိမ်ကလေးကို သိမ့်ခနဲဖြစ်သွားစေ၏။

"ဒေါက်ဒေါက် ... ဒေါက်ဒေါက်"

တံခါးခေါက်သံ ခပ်တိုးတိုးလေးထွက်ပေါ်လာ၏။ သူမ ကြက်သီးမွေးညင်းတွေ လိုက်ခနဲထသွား၏။ ဘာကြောင့်မှန်းမသိ။ ထိုလိုအချိန်အခါမျိုးတွင် လင်ယောကျ်ားဖြစ်သူကို သတိမရခြင်းသည် အနည်းငယ်တော့ထူးဆန်းနေပါသည်။ စိတ်ထဲတွင် သူမယောကျ်ားခရီးတစ်ခုခုထွက်နေသလို၊ တစ်နယ်တကျေးသို့ ညအိပ်ညဥ့်နေ အလုပ်သွားလုပ်သလိုလို ... ။

"ဘယ်သူလဲ"

အပြင်မှ ပြန်လည်ထူးသံမကြားရ။ တံခါးကိုသာခေါက်မြဲခေါက်နေသောကြောင့် ...

"ဘယ်သူလဲ ... မေးတာမကြားဘူးလား"

သူမစိတ်မရှည်နိုင်စွာ အသံခပ်ပြတ်ပြတ်ဖြင့်မေးလိုက်၏။ သည်လိုအချိန်မတော်ရောက်လာသူမှာ လူကောင်းသူကောင်းတော့ မဖြစ်နိုင်သည်မှာ သေချာပါ၏။

"ကျွီ ... ကျွီ ... ကျွီ"

သေသေချာချာပိတ်ထားသော တံခါးမှာ တကျွီကျွီမြည်လျက် ပွင့်သွားခြင်းမှာ ဘယ်လောက်ထူးဆန်းလိုက်ပါသလဲ။

"ဟင်"

မြင်ရသော မြင်ကွင်းက မယုံနိုင်စရာ။ အပေါ်အောက်အနက်





အနက်ရောင်ခြုံပဝါကို ခေါင်းတွင်ခြုံထားသောကြောင့် မျက်နှာကို သေသေချာချာ မမြင်ရ။ ဝတ်စုံမှာ ပွယောင်းယောင်းမို့ ခန္ဓာကိုယ်အချိုးအဆစ်ကိုလည်း မခန့်မှန်းနိုင်ပါ။

"ရှင် ... ရှင်"

အနက်ရောင်မိန်းမက ခပ်အေးအေးပင်အထဲသို့ဝင်လာသည်။ မမြင့်တစ်ယောက်တစ်စုံတစ်ရာ အော်ဟစ်ရန်၊ ထပြေးရန်ပင်ဦးနှောက်တွေက အလုပ်မလုပ်တော့ဘဲ ကြက်သေ သေနေမိသည့်အဖြစ်က ထူးခြားလှပါသည်။

မည်သူကစိတ်တွေကို ညှို့ယူထားပါသလဲ။ မည်သူက ခန္ဓာကိုယ်ကို ထိန်းချုပ်ထားပါသလဲ။ မည်သူက သတိလက်လွတ်ဖြစ်စေရန် ပြုစားထားပါသလဲ။

"ရှင် ... ဘယ်သူလဲ"

"ဒါ ... မင်းငါ့ကိုမေးရမယ့် မေးခွန်းမဟုတ်ဘူး"

"ကျွန်မသိချင်တာက အဲဒါပဲ"

"မင်းမေးရမှာက မင်းဆီဘာလာလုပ်တာလဲ ဆိုတာပဲမေးဖို့ကောင်းတာ"

အနက်ရောင်မိန်းမအသံက သြသြအစ်အစ်။ လည်ချောင်းကွဲကြီးဖြင့် ပြောနေသလိုမျိုး။ သာယာနာပျော်ဖွယ်တစ်စက်မှမရှိ။

ထိုမျှမကသေး။

ထိုမိန်းမထံမှ ပုပ်အက်အက်၊ ညှီစို့စို့အနံ့အသက်က သူမထံဝေ့ဝဲလာသည်။ လူသေနံ့လိုလို၊ တိရစ္ဆာန်တစ်ကောင်နံ့လိုလို၊ အော်ဂလီဆန်လောက်အောင် အနံ့အသက်ကဆိုးရွားလွန်းလှသည်။ မမြင့် ပျို့တက်လာသောင်ကို လက်ဖြင့် အသာဖိလျှက် အန်ချပစ်ချင်စိတ်ကို မျိုသိပ်လိုက်ရ၏။

www.burmeseclassic.com



"ရှင် _ ဘာလာလုပ်တာလဲ"

"ငါ _ အစာ မစားရတာတော်တော်ကြာပြီ"

"အဲဒါ ကျွန်မနဲ့ ဘာဆိုင်လဲ"

ထိုမိန်းမက ပခုံးများကိုလှုပ်၍ရယ်သည်။ မျက်နှာကိုတော့ ဖုံးအုပ်ထားဆဲပင်။

"တို့က အသားစိမ်းငါးစိမ်းကို စားတာဆိုတော့ အဲသလို ရှိတတ်တဲ့နေရာကိုလာရတာပေါ့လေ _ မဟုတ်ဘူးလား"

"ရှင် _ ဘာတွေပြောနေတာလဲ"

"အခုလောလောဆယ် နင့်သားလေးဟာ လူမမာသည်လေ၊ သူ့ရဲ့နှလုံးကိုသာစားလိုက်ရရင် ဘယ်လောက်တောင်အရသာရှိလိုက်မလဲ၊ အိနုနုနယ်နယ်လေး"

"ရှင် ... ရှင် မဟုတ်တာတွေမပြောနဲ့"

မမြင့်က ကလေးကို ကပျာကယာကောက်ပွေ့လိုက်၏။ ကြည့်စမ်းကိုယ်တွေ အရမ်းပူနေပါရောလား။

"နင့်လက်ထဲကကလေး ငါ့ကိုပေးလိုက်စမ်းပါ၊ ဟောဒီက လက်သည်းချွန်ချွန်တွေနဲ့ ရင်ကိုခွဲပစ်လိုက်လို့ရတယ်"

"ထွီ _ မသတီစရာကောင်းလိုက်တာ"

"ဟောဒီလက်နှစ်ဖက်က ငါ့အတွက်တော့ လက်နက်တစ်ခုပဲပေါ့"

"သွား ... သွား ... ရှင်ထွက်သွား ... ထွက်သွား"

သူမ ငယ်သံပါအောင်အော်ဟစ်ပစ်လိုက်သည်။ ထို့အပြင် မကြားဝံ့မနာသာ ဆဲရေးတိုင်းတာမှုတွေပြုလုပ်လျက် ကလေးကိုကျစ်ကျစ်ပါအောင် ပွေ့ပိုက်ထားလိုက်၏။





"အဲ့လို လွယ်လွယ်နဲ့ ငါ့ကို မောင်းထုတ်လို့ရမယ်ထင်သလား"

"လာကြပါဦးရှင် _ လာကြပါဦး၊ ကျွန်မအိမ်ပေါ်တစ္ဆေရောက်နေလို့"

သူမအသံပြာကြီးနှင့်လှမ်းအော်လိုက်သည်။ သာမန်ဆိုလျှင် အိမ်နီးချင်းတွေအလွယ်တကူကြားနိုင်သော အသံဖြစ်ပါလျက်နှင့် ဘာကြောင့်များမနိုးကြပါသလဲ။ ဘာကြောင့်ရောက်မလာကြပါသလဲ။

"လာကြပါဦးရှင် ... လာကြပါဦး"

"နင်ဘယ်လောက်အော်အော် သူတို့မကြားနိုင်ဘူး အရူးမရဲ့"

"ဘယ်လို"

"နင်ဘယ်လောက်အော်အော်မကြားဘူးလို့ပြောနေတာ"

သူမမျက်လုံးတွေ ဝိုင်းစက်သွားရ၏။ ဒီမိန်းမ ဘယ်လိုတွေလုပ်ထားလိုက်ပြီလဲ။ တကယ်ရော _ အဲလောက်ထိစွမ်းသတဲ့လား။

"ရှင် ... ရှင်ဟာ စုန်းမ"

"ဟား ... ဟား ... ဟား ..."

အကြမ်းနည်းဖြင့်မရမှန်းသိသောအခါ အနုနည်းကိုသာလှည့်ပတ်သုံးရန်ရှိတော့သည်မို့ ...

"ကျွန်မတောင်းပန်ပါတယ်ရှင် ... ပြန်ပါတော့ ... ရှင်ပြန်ပါတော့"

"ဒီလိုလေးပြောရုံနဲ့ ငါကသနားပေးလိုက်ရမှာလား"

"ကျွန်မရှင့်ကိုကြောက်လှပါပြီ၊ ကျွန်မနဲ့ ကျွန်မသားလေးအသက်ကိုတော့ ချမ်းသာပေးပါရှင်၊ တောင်းပန်ပါတယ်"

"ငါ _ ဒီဘဝရောက်လာကတည်းက ဘယ်သူ့ကိုမှလည်း မသနားဘူး၊ သနားတယ်ဆိုတာလည်း ငါနားမလည်ဘူး၊ ငါ့အတွက် အစိုးဆုံးကအာလောင်မွတ်သိပ်မှုပဲ၊ အခု ... ငါအစားမစားရတာကြာပြီမို့ မျက်စိမှာ



www.burmeseclassic.com

www.burmeseclassic.com



တင်လည်း စားစရာက အဆင့်သင့်ရှိနေပြီ၊ ဒီအခြေအနေမျိုးရောက်မှ ငါက ဘာလို့လက်လျှော့ပြန်သွားရမှာလဲ၊ အဓိပ္ပာယ်မရှိလိုက်တာ''

ထိုမိန်းမ ပြောပြောဆိုဆိုရှေ့သို့တိုးလာခဲ့သည်။

''အနားမကပ်နဲ့ အနားမကပ်နဲ့''

''ဟား ဟား ဟား''

''ပြောနေတယ်နော်၊ အနားမလာနဲ့''

''ဟား ဟား ဟား''

ထိုမိန်းမ ရှေ့သို့ တဖြည်းဖြည်းတိုးလာခဲ့လေပြီ။ လက်နှစ်ဖက်စလုံးက ရှေ့သို့ဆန့်တန်းလျှက်တိုးကပ်လာသည်။ နောက်ဆုံးတွင် ...

''အမလေး''



# အခန်း [ ၆ ]

## စောစောစီးစီးရန်ပွဲ

''အမြင့် ... အမြင့် ... သတိထားစမ်း၊ သတိထားစမ်း''

ကိုသုတက မမြင့်ကိုလှုပ်ယမ်း၍သတိပေးစကားဆိုသည်။ သိပ်မကြာ မမြင့်သတိရလာခဲ့၏။

''သား ... သားလေးရော''

''မင်ဘေးနားမှာရှိတယ်လေ၊ မင်း အိပ်မက်,မက်နေတာမဟုတ်လား''

သူမ မည်သို့ပြန်ပြောရမှန်းမသိ။

''ဟိုမိန်းမ ... ဟိုမိန်းမ''

''ဘယ်မိန်းမလဲ ... ဘာမှမရှိဘူး''

''ဟိုစုန်းမ ... တစ္ဆေမ''

''မင်းစိတ်တွေ ဂယောင်ချောက်ချားဖြစ်ပြီး အိပ်မက်မက်နေတာပါကွာ''

''တွေ့လိုက်ရတာတော့ ထင်ထင်ရှားရှားပဲ''

သူမတွေ့မြင်သမျှကို အကုန်အစင်ပြောပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"သူက ကျွန်မသားလေးရဲ့အသည်းကိုစားမလို့တဲ့"

"ကိုင်း … အဲဒါတွေစိတ်ထဲမှာ ဘာမှမထားနဲ့တော့၊ စိတ်ကို တည်တည် ငြိမ်ငြိမ်ဖြစ်အောင်ပြန်ကြိုးစား"

ထိုသို့ပြောဆိုပြီးနောက် မမြင့်၏မျက်လုံးတွေက သားလေးထံအကြည့် ရောက်သွားသည်။

"အမလေး … ကိုသုတ သားလေးကိုကြည့်ပါဦး"

သူမ ဝုန်းခနဲထ,ကာသားလေးဆီသို့လှမ်းသည်။ ကလေး၏ မျက်လုံးတို့မှာ အထက်သို့လှန်တက်လျှက် 'တက်'နေခြင်းဖြစ်၏။

"အမလေးလုပ်ကြပါဦး၊ လုပ်ကြပါဦး … ကိုသုတ အမိုးကိုမြန်မြန် သွားနိုး"

ကိုသုတ အိမ်အောက်သို့ဒရောသောပါးဆင်းပြေးသွားနိုက် ကလေး အတက်ကပိုးဆိုးလာသည်။

"သားလေး … သားလေး"

ထိုစဉ်မှာပင် အနက်ရောင်တစ္ဆေမ၏ ပုံရိပ်ကမျက်လုံးထဲမဆီမဆိုင် ပြေးဝင်လာပြန်၏။ ကြောက်စရာကောင်းလှသည့် မျက်နှာပြင်က သူမကိုသွေးပျက် စေသည်ကတော့ အမှန်ပင်။

"သားလေး … သားလေး"

သားလေးမှာ ပါးစပ်လေးကိုဟလျှက် အသက်ကိုလုရှူနေရသလို ဆန့်ငင်ဆန့်ငင်ဖြစ်နေသည်။ မမြင့် မျက်ပြူးဆန်ပျာဖြစ်ရလေပြီ။

"သားလေး … သားလေး ချက်ချင်းကြီးဘယ်လိုဖြစ်ရတာလဲကွယ်"

ထို့နောက် သားလေးတဖြည်းဖြည်းငြိမ်သက်သွားတော့၏။

"လာကြပါဦးရှင် … သားလေးမလှုပ်တော့ဘူး၊ ခေါ်လို့မရတော့ဘူး"





အမိုးတင်မက အိမ်နီးခြင်းအချို့နှင့်စာရေးဆရာ၊ ဦးရွှေရိုးတို့ပါရောက် လာကြ၏။

"မမြင့်ခဏဖယ်စမ်း"

နားလည်သော လူကြီးတစ်ယောက်က ကလေးနား ဝင်ထိုင်လိုက်ကာ မျက်ခွံလေးတွေလှန်ကြည့်သည်။ မျက်နှာအနေအထားကတော့ တော်တော်လေး ပျက်ဆင်းနေပြီ။

"သုတ"

"ခင်ဗျာ"

"မင်းကလေး အသက်မရှိတော့ဘူး"

"ဗျာ"

ထိုစကားကြားကြားချင်း မမြင့်သတိလစ်မတတ် ဖြစ်သွားသည်။

"မမြင့် … မမြင့်"

"အမလေး … ကျွန်မသားလေးကိုကယ်ကြပါဦးတော်"

ချုံးပွဲချငိုတော့သည်။ ဘယ်လိုမှမယုံကြည်နိုင်စရာမဖြစ်။

ဦးရွှေရိုးနှင့်စာရေးဆရာမှာ အလွန်ပင်စိတ်ထိခိုက်သွားရ၏။ အကယ်၍သာ ညနေပိုင်းက ဆေးရုံသို့ပို့နိုင်ခဲ့လျှင် ယခုကဲ့သို့ဖြစ်ချင်မှဖြစ်ပေလိမ့်မည်။

"ဦးရွှေရိုး ကျွန်တော်တို့အပြစ်လည်းမကင်းဘူးဗျာ"

"လောလောဆယ်လက်ထဲမှာလည်း ပိုက်ဆံမရှိကြတာပဲ စာရေးဆရာ ရယ်"

"ကျုပ်တို့ရှာမယ်ဆို ရှာလို့ရနိုင်တာပဲ … ခြံထဲမှာဆေးခန်းပို့ဖို့ အရောက်ကတော့ဖြစ်နိုင်ပါတယ်"

တစ်ခြံလုံးရှိလူတွေရောက်လာကြသည်။ မကြာမီပင် အသုဘအိမ်လေး



www.burmeseclassic.com

www.burmeseclassic.com



နှင်းဘုရွှာနေလေသည်။ မမြင့်၏ ရင်ကွဲပက်လက်ငိုသံကအဆုံးမသတ်နိုင်သေး ကိုသုတာမှာ ယောကျ်ားတစ်ယောက်မို့ ငိုချင်စိတ်ကိုကြိတ်မှိတ်နေပုံပေါ်သည်။

"အရှည်အရှည်တော့လုပ်မနေပါနဲ့ကွာ၊ ကလေးပဲ နောက်နေ့မှန်းလွဲပိုင်း ရောက်ရင် သင်္ဂြိုဟ်လိုက်ပေါ့ _ သိပ်လည်းအကုန်အကျခံနိုင်တာမှမဟုတ်တာ"

"ခြံထဲကလူကြီးတွေ ကောင်းသလိုသာစီစဉ်ပါတော့ဗျာ"

ခြံအတွင်းရှိ အိမ်အလုံးပေါင်း (၂၀) ကျော်ရှိသည့်ထဲက အားလုံးလိုလို ရောက်လာကြသော်လည်း ဖုံးကျည်မကိုမတွေ့ရ။

"ဒါဟာ ဒင်းလက်ချက်ဖြစ်ရမယ်"

မမြင့်တစ်ယောက် စဉ်းစားလေလေ ဖုံးကျည်မအပေါ် သံသယဖြစ်ရ လေလေပင်။

"ဘာရယ် ... အဲဒီမိန်းမက စုန်းမ ဟုတ်လား"

"ဟုတ်ပါတယ်ဆိုနေမှ မမြင့်ရယ် ... နားဝေးလိုက်တာ"

အမိုးအသံတွေက နားထဲသို့စီခနဲဝင်လာသည်။

"သူ့အိမ်ထဲကို ငါကိုယ်တိုင်ဝင်ကြည့်ခဲ့တာ၊ သူ့အိမ်မှာဘုရားစင်မရှိဘူး ဘီလူးခေါင်းသုံးလုံးနဲ့ အမွှေးတိုင်တွေ ဖယောင်းတိုင်တွေ မြိုင်မြိုင်ဆိုင်ဆိုင်ထွန်း လို့"

မမြင့် သားအလောင်းနားတွင် ငုပ်တုတ်ထိုင်နေခဲ့သည်မှာ မိုးပင်ထိန် ထိန်လင်းနေပေပြီ။ ဆောင်းလယ်လောက်မို့ အအေးဓာတ်လွန်လွန်ကဲကဲမဟုတ် သော်လည်း နှင်းတွေကတုတ္တုပိန်းပိန်းကျနေသည်။ နှင်းတွေကြောင့်လည်း သူမ အလွမ်းက ဆင့်ကာဆင့်ကာပိုရပါ၏။

"ရုတ်တရက်ကြီး ဖြစ်မှဖြစ်ရလေသားရယ်"

သူမတစ်နေရာသို့လှမ်းကြည့်စဉ်တွင် ...





"ဟိုမှာ"

သစ်ပင်အကြားမှ တရွေ့ရွေ့လျှောက်လာနေသော ဖုံးကျည်မ။ အဝါ နှင့်အောက်အနက်ရောင်ဝတ်စုံကို ဝတ်ထားသည်။ ဆံပင်ကိုနောက်တစ်စုတည်း စည်းထားသည်။ မြင်မြင်ချင်းဒေါသတွေ ပေါက်ကွဲလွင့်စဉ်ထွက်လာသည်။

"ညက ဒင်းရုပ်ဖျက်ပြီးရောက်တာလာဖြစ်ရမယ်၊ ငါ့သားကိုသတ်တာ ဒီကောင်မ"

သူမစိတ်ကိုမထိန်းနိုင်တော့ဘဲ ထဘီကိုတိုတိုပြင်ဝတ်ကာ အိမ်ရှေ့သို့ လွှားခနဲခုန်ဆင်းလိုက်၏။

"ဟဲ့ကောင်မ"

သူမအသံတွေက နာနာကြည်းကြည်းဖြစ်နေသည်။ ဖုံးကျည်မက သူ့ကိုလှမ်းကြည့်သည်။ မသိနိုးနားပုံစံဖြင့် ...

"ငါ့သားကိုလုပ်လိုက်တာနင့်မို့လား"

"ဘာများပါလိမ့်"

"ငါ့သားကိုသတ်လိုက်တာ နင်မို့လားလို့မေးနေတာ"

"ကြံကြီးစည်ရာဟယ် ... မဆီမဆိုင်လိုက်တာ"

"နင် ညကပြောတော့ ငါ့သားအသည်းကိုဖောက်စားမလို့ဆို"

"ဘာတွေလာပြောနေတာလဲ ... ညကတစ်ညလုံး ငါဘယ်မှမထွက် ဘူး"

"လူလိမ်မ ... လူညာမ ... ပြောင်လိမ်ပြောင်စားတဲ့ကောင်မ"

"နင်ဘာတွေပြောနေတာလဲ မမြင့်၊ နင်ပြောတာတွေငါတစ်ခုမှ နားမလည်ဘူးနော်၊ နင့်အိမ်မှာ နာရေးရှိလို့ နင်နဲ့စကားမများချင်ဘူး ... ဖယ်ပါ ငါသွားပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



"နင်သွားချင်တိုင်းသွားလို့ရမလား။ ငါ့သားသေသလို နင်သေရမယ်"

အိမ်နီးချင်း စန်းစန်းနှင့် ဒေါ်ငွေမှုံပြေးထွက်လာသည်။

''စောစောစီးစီး ဘာတွေဖြစ်ရတာလဲ မမမြင့်ရယ်''

''ငါ့သားကိုသတ်တာ ဒီကောင်မ''

''မဟုတ်တာ မမမြင့်ရယ် ... အဖျားလွန်ပြီးဆုံးတာပါ''

''မဟုတ်ဘူး၊ မဟုတ်ဘူး _ ဒီကောင်မက ငါ့သားအသည်းကိုစားရမှကျေနပ်မှာတဲ့လေ''

''ဘာတွေပြောနေတာလဲ အမြင့်ရယ်၊ စိတ်ညစ်ဖို့ကောင်းလိုက်တာ''

ဒုံးကျည်မကတော့ အေးအေးဆေးဆေးလေသံနှင့်ပင်။

''သူပြောတာတွေကို တို့ဘာမှနားမလည်ဘူး၊ စွပ်စွဲတာတစ်ခုတည်းသိတယ်၊ မနက်စောစောစီးစီး အ,ကုသိုလ်ဝင်တာပဲလို့ပြောရမှာပဲ''

ထိုစဉ် _ စာရေးဆရာတစ်ယောက်ရောက်လာသည်။ လက်ထဲတွင် တောင်ပေါ်ကရလာသည့် ဝါးဆစ်ပိုင်းလေးကိုကိုင်လျက် _

''မမြင့် နင်ပြောတာတွေ ငါအားလုံးကြားတယ်၊ ဟုတ်တယ် အဓိပ္ပါယ်မရှိဘူး၊ နင်ပြောတာတွေဟာ ဘာသက်သေအထောက်အထားမှလည်းမခိုင်လုံဘူး၊ တော်ပါတော့ဟာ ငါတောင်းပန်ပါတယ် _ နင့်ကိုကြည့်ရတာ စိတ်ရောဂါဖြစ်နေတဲ့လူလိုပဲ''

ရုတ်ချည်းဆိုသလို ဒုံးကျည်မ၏မျက်နှာအမူအရာမှာ ပျက်ဆင်းသွားသည်။ အကြောင်းမှာ စာရေးဆရာလက်တွင်ကိုင်ထားသော ဝါးဆစ်ပိုင်းလေးကို အမှတ်မထင်မြင်သွားပြီး အလန့်တကြားဖြစ်သွားခြင်းပင်။

ယင်းအဖြစ်ကို မည်သူမျှသတိမထားမိ။ ချက်ချင်းပင် ဒုံးကျည်မခြေလှမ်းခပ်သွက်သွက်လှမ်းထွက်သွားလေသည်။





''ကြည့်ပါလား၊ သူလုပ်ကြံတာပေါ်မှာစိုးလို့ပြေးပြီ''

''တော်ပါတော့မမြင့်ရယ် _ နင့်ဟာက''

မမြင့်အိမ်ထဲဝင်သွားမှ စာရေးဆရာလည်းပြန်လာခဲ့၏။ ကလေးဆုံးသွားသည့်အချိန်မှစကာ သူပြန်အိပ်မပျော်တော့။ တစ်ယောက်တည်းထိုင်ကာ ဟိုတွေးသည်တွေး တွေးနေမိ၏။ ယင်းသို့တွေးနေဆဲမှာပင် အမြင့်တစ်နေရာတွင် တင်ထားသော ဝါးဆစ်ပိုင်းလေးကိုတွေ့သွားသည်။

''မင်းကြိုက်တဲ့ဝါးတစ်ပင်ကိုနှုတ်ယူလိုက်''

ဂူကြီးထဲတွင် သူတော်စင်အဘိုးအိုပြောခဲ့သောစကား။ ထူးထူးဆန်းဆန်းပေါက်နေသည့်ဝါးပင်တွေ။

''ဝါးပင်ကို ကျွန်တော်ဘာလုပ်ရမှာလဲ အဖိုးရယ်''

''နှုတ်ဆိုနှုတ်လိုက်ပါ၊ တခြားဘာမှ ထွေထွေထူးထူးမေးမနေနဲ့''

ထို့ကြောင့်လည်း အဖိုးအမိန့်အတိုင်းနှုတ်ခဲ့သည်။ အားမစိုက်ရဘဲ အလွယ်တကူနှုတ်၍ရသည့်အတွက် အံ့ဩရသေး၏။

''မင်းသီဟရေ _ သူ့ကိုဆစ်ပိုင်းပေးလိုက်ပါဦးကွာ''

အဆစ်ပိတ်များထဲမှ အပိုင်းတစ်ပိုင်းကို သူ့အားပေးလိုက်ခြင်းဖြစ်၏။

''ဒါကိုမင်းလိုအပ်သလိုသုံးပါ''

''ကျွန်တော်ဘယ်လိုသုံးရမှာလဲ''

''ဒါကတော့ မင်းရဲ့ထိုးထွင်းတဲ့အသိဉာဏ်နဲ့ မင်းကြုံမှာပေါ်မှာမူတည်တယ်၊ တို့အနေနဲ့ ထွေထွေထူးထူးဘာမှပြောစရာမလိုဘူး _ ကိုင်း မင်းပြန်နိုင်ပြီ''

ထိုသို့ဖြင့် သူယူလာခဲ့ရခြင်းဖြစ်သည်။ ဘယ်နေရာတွင် ဘယ်လိုအသုံး



www.burmeseclassic.com

www.burmeseclassic.com



ဝင်မှန်းသူမသိ။ ဘယ်လိုအသုံးချရမှန်းလည်း သူနားမလည်။ ယင်းသို့ကြည့်နေ ဆဲမှာပင် ဆူဆူညံညံအသံများကြောင့် သူထွက်ကြည့်တော့ မမြင့်နှင့်ဒုံးကျည်မ စကားများနေတာတွေ့ရခြင်းဖြစ်သည်။

ယခုရန်ပွဲကအဆုံးသတ်သွားသည်။ ဒုံးကျည်မလည်း ခြံပြင်ထွက်သွား လေပြီ။

ဘယ်သွားတာလဲ ... ။

ဘယ်သွားသွား ကိုယ်နှင့်မဆိုင်တာ၊ ကိစ္စမရှိ၊ ယခုနေ့လယ် အသုဘချ ရန်ရှိသေးသည်။ ကိုသုတကတော့ သေစာရင်းယူရန်စောစောစီးစီး ထွက်သွား လေပြီ။ နောက်ပိုင်းကျန်သည့် ကိစ္စကိုဦးရွှေရိုးနှင့်တိုင်ပင်ရမည်။

ထိုသို့တွေးရင်း သူဝါးဆစ်ပိုင်းလေးကို စာအုပ်စင်ပေါ်တွင်တင်ထား လိုက်လေသည်။

ပြီး



အခန်း [၇]

သက်ပြေသပြမရောသာဒါ

BURMESE CLASSIC

ညအမှောင်က သိပ်သိပ်သည်းသည်းနိုင်လှသည်။ လရောင်မရှိ၊ ကြယ် ရောင်ဖြင့်သာ ပတ်ဝန်းကျင်ကို မှုန်တိမှုန်ဝါး လှမ်းမြင်နေရ၏။

မမြင့်ခြေသံကို လုံအောင်ပြုလျက် ဒုံးကျည်မအိမ်နားသို့ တဖြည်း ဖြည်းတိုးကပ်လာခဲ့သည်။

သည်ကောင်မအိမ်မှာ မီးအလင်းရောင်တွေမြင်နေရသည်။ သည် ကောင်မ ဘာတွေလုပ်နေမလဲ။ မဟုတ်တာတွေ လုပ်နေမှာတော့သေချာသည်။

နေ့လယ်ပိုင်း အသုဘချတုန်းက ဒုံးကျည်မအရိပ်အယောင်ကိုနည်း နည်းလေးမှမတွေ့မမြင်ရ။ အသုဘပို့လိုက်လာလျှင်လည်း သူမလက်သင့်ခံမည် မဟုတ်ပါ။

မမြင့်ကအစွဲကြီးသည်။ သံသယကြီးသည်။ ပင်ကိုယ်အေးအေးဆေး ဆေးနေတတ်သော်လည်း သားဆုံးသွားသည့်နောက်ပိုင်း စိတ်ကိုထိန်းချုပ်လို့မရ ချင်။ ဒုံးကျည်မအပေါ်လက်တုန့်ပြန်ရမည်ဆိုသော အသိတချို့က တားမရအောင်



www.burmeseclassic.com

www.burmeseclassic.com



ခနိုင်။ လက်တုန့်ပြန်နိုင်ဖို့က အရေးကြီးဆုံးမှာ ... သက်သေ။

ဟုတ်သည်။

အကောင်းဆုံးသက်သေပြရမည်။ သက်သေပြနိုင်ရန်အတွက် သဲလွန်စ ရှာရမည်။

သူမနှင်းကျည်မတို့အိမ်နားရောက်လာလေပြီ။ အနောက်ဘက်သို့ နားစွင့်ကြည့်လိုက်တော့ သူမတို့အိမ်ဆီမှ ဖဲသမားတို့၏ အသံဗလံတချို့ ကြားနေရသည်။ အကောက်လေးရလို့ရြော ကိုသုတနှင့်ကိုရွှေနိုးကစီစဉ်လိုက်ခြင်းဖြစ်၏။ တနေ့ ဆရာကတော့ ချီသည်ခါးသည်ဘာမှဝင်မပြော။ ဝင်လည်းမရှုပ်။ အနားကသာ အပျင်းပြေကြည့်သည်။ ကိုသုတတစ်ယောက် ဖဲဝိုင်းကိုအာရုံစိုက်နေစဉ် သူမ လစ်ထွက်လာခြင်းဖြစ်၏။

နှင်းကျည်မ၏ ခပ်တိုးတိုးရယ်သံကိုကြားနေရသည်။ ပီပီသသမဟုတ် ဖလုံးပထွေးနှင့်မို့ ဘာမှအဓိပ္ပါယ်ကောက်လို့မရ။ တစ်ခါတစ်ခါ ကုလားစကားနှင့် ခပ်ဆင်ဆင်တူသလိုလို။

မမြင့်ထရံကြားမှ ချောင်းကြည့်လိုက်၏။ သေချာပါသည်။ အမိုးပေါ်က တာ တစ်စက်မှမလွဲ။

မျက်လုံးကြီးများပြူးတစ်ထွက်လျှက် အစွယ်ငေါငေါရှိနေသော ဘီလူး ခေါင်းသုံးခေါင်း။ ကြက်သီးထစရာကောင်းလောက်အောင် ကြောက်ဖို့ကောင်းနေ ပါတော့၏။

အမွေးတိုင်မီးခိုးလုံးတွေက ထောင်းထောင်းထနေသည်။ အမှန်တွင် အမွေးတိုင်ဆိုကတည်းက မွှေးနေရမည်။ အခုတော့ ထိုသို့မဟုတ် ...

"နှာခေါင်းထဲမှာ ဟိုနေ့က မသာအနံ့အသက်မျိုးကြီး"

ဘာကြောင့် ထိုသို့ဖြစ်ရသည်ကိုတော့ မမြင့်မစဉ်းစားတတ်တော့





ချောင်းထဲပို့တတ်လာမှုကို မနည်းထိန်းထားလိုက်ရသည်။ နှင်းကျည်မတို့ နောက် ကျောမှလှမ်းမြင်နေရသည်။ ခံပင်ကိုဖျာလျှားချလျှက် အနက်ဝတ်စုံကိုပင် ဝတ် ဆင်ထား၏။ ထိုမိန်းမမှာ ကိုယ်ကိုယိမ်းထိုးလျှက် ရွတ်ဆိုနေခြင်းဖြစ်သည်။

"တော်တော်မသာတီစရာကောင်းတဲ့ကောင်မ"

ထိုစကားကို သူမစိတ်ထဲအကြိမ်ကြိမ်ရွတ်ဆိုနေမိသည်။ အတန်ကြာ သောအခါ ရွတ်ဆိုမှုများကိုရပ်လျှက် မတ်တတ်ရပ်လိုက်သည်။

"ဒင်းဘာလုပ်ဦးမှာလဲ"

ထိုမိန်းမလက်နှိပ်ဓာတ်မီးတစ်လက်ကိုယူသည်။ ပြီးတော့ တစ်စုံတစ်ရာ ရှာသည်။ သူရှာသည့်ပစ္စည်း လွယ်အိတ်တစ်လုံး။ ထိုအိတ်ကိုလွယ်လျှက် အိမ် တံခါးကိုသော့ခတ်လိုက်၏။ အထဲတွင်ဘာတွေပါသည်မသိ။

"ဘယ်သွားမလို့ပါလိမ့်"

ဘယ်ကိုပင်သွားသွား သူမလိုက်ဖို့ရာတော့ အဆင်သင့်။ သွားစမ်း။ သွားချင်ရာသွားစမ်း။

အိမ်ရှေ့တွင် ထိုမိန်းမတစ်စုံတစ်ရာကိုအကဲခတ်လိုက်၏။ ခြံအတွင်းရှိ ယောက်ျားတော်တော်များများ အသုဘအိမ်ရောက်နေမှန်း သူမအတပ်သိပါလိမ့် မည်။

ခြံပတ်လမ်းမှတစ်ဆင့်လျှောက်လာသည်။

"အူး ဝူး ဝူး ... "

ခွေးတစ်ကောင်က သူမကိုမြင်တော့ ဆွဲဆွဲငင်ငင်အူလိုက်သည်။

သို့တစေ ...

သူမကတော့ လုံးဝဂရုမစိုက်ပါ။

လျှောက်မြဲတိုင်းဆက်လျှောက်သည်။ လက်နှိပ်ဓာတ်မီးကိုမသုံးသော။



www.burmeseclassic.com

www.burmeseclassic.com



"အူး ငူး ငူး"

ထိုမိန်းမမှနောက်မှ မမြင့်ထပ်ချပ်မကွာလိုက်သည်။

"ဟော ... ရပ်သွားပြီ"

ရပ်သွားသောနေရာမှာ စာရေးဆရာ၏အိမ်ရှေ့တည့်တည့်ပင်။ ထိုအိမ်တ အစွန်ကျသလို အနီးအနားအိမ်နှင့်လည်းအလှမ်းကွာသည်။ အိမ်နောက်ဘက် တွင်ဝါးရုံတောရှိသည်မို့ ပို၍လည်းမှောင်သည်။ ထိုမိန်းမ ပတ်ဝန်းကျင်ကို တ ချက်အကဲခတ်လိုက်ပြီး စိတ်ချရသည်ဆိုမှ အိမ်ရှေ့သို့ဆက်လျှောက်သည်။

တံခါးဆီသို့လက်နှိပ်ဓာတ်မီးတစ်ချက် ဝှေ့ခနဲလက်သွားသည်။ အိမ်တံ ခါးသော့မခတ်ထားပါ။

စာရေးဆရာမှာ အမြဲတမ်းနေမော်နမဲ့နိုင်သလို၊ အိမ်ကိုလည်းသော့ခတ် သည့်အလေ့အကျင့်မရှိ။ ခြံထဲတွင်မည်သည့်ပစ္စည်းမှပျောက်ရသည်ဟူသော အဖြစ်မျိုးလည်း မရှိတတ်သောကြောင့် ဟိုနားသည်နားဆိုလျှင်အိမ်တံခါး စေ့ရုံသာစေ့ထားတတ်သူ။

ထိုမိန်းမဖျတ်ခနဲအိမ်ထဲဝင်သွားသည်။

"ဒင်း ဘာဝင်ခိုးဦးမလို့လဲ"

မမြင့်အလွတ်မပေးနိုင်ပါ။ သည်မိန်းမလုပ်ပုံတွေက လွန်လွန်းနေပြီ။ အိမ်ရှင်မရှိခိုက် အိမ်ထဲသို့ တိတ်တဆိတ်ဝင်ရောက်ခြင်းသည် ပြစ်မှုကျူးလွန်ခြ ပင်မဟုတ်လား။

လုပ်စမ်း ... ။

အစွမ်းရှိသလောက်လုပ်လိုက်စမ်း။

ထိုမိန်းမ မဟုတ်တာတွေလုပ်နေသမျှ သူမအတွက်နိုင်ကွက်တွေပ

မမြင့်အပေါက်တစ်ခုမှချောင်းကြည့်လိုက်သည်။ အထဲတွင် ဓာတ်မီးတဝင်းဝင်း





ဖြင့် တစ်ခုခုရှာနေသည်။ အဖိုးတန်ပစ္စည်းတချို့ရှိသော်လည်း လက်ရှာနှုန်းခင် မထိ။

"ဘာရှာနေတာလဲ"

မမြင့်နားမလည်နိုင်အောင်ဖြစ်ရသည်။ မီးရောင်က တစ်နေရာ အရောက်တွင်ရပ်တန့်သွား၏။ ဝါးဆစ်အပိတ်အပိုင်းလေး။ လှမ်းကိုင်လျှက် အသေအချာကြည့်သည်။ မီးရောင်ကြောင့် ထိုမျက်နှာပြင်တွင်ကျေနပ်သော အပြုံးနှင့်တောက်လက်နေသောမျက်လုံးတို့ကို အတိုင်းသားတွေ့နေရ၏။

"ဘာမဟုတ်တဲ့ဝါးဆစ်ပိုင်လေးကိုများ"

ထိုပစ္စည်းကိုယူလျှက် လွယ်အိတ်ထဲထည့်ကာ အိမ်ပေါ်မှခပ်သွက်သွက် ဆင်းလိုက်သည်။ အိမ်ရှေ့အရောက်ပိတ်ဖမ်းကာ ရန်ထောင်လိုက်မည်ဟုစိတ် ကူးသော်လည်း ဘာဆက်လုပ်မှာလဲဆိုသော သိလိုစိတ်က တစ်ပြိုင်နက်တည်း ပေါ်လာသောကြောင့် အသာလေးငြိမ်နေလိုက်ပြန်သည်။

"ကြည့် ... ဒီကောင်မ အိမ်ကိုတန်းမပြန်ဘဲ ခြံထိပ်ကိုထွက်သွား ပြန်ပြီ"

သူမနောက်မှဆက်လိုက်သွားသည်။ ခြံထိပ်ရောက်တော့ မြောက်ဘက် သို့ချိုးကွေ့လိုက်သည်။ လမ်းတွင်လူသွားလူလာမရှိခြင်းမှာ အံ့ဩစရာပင်။

"အူး ... ငူး ငူး"

"အူး ... ငူး ငူး"

ခွေးအူသံတွေဆူညံသွားသည်။ အခုလောက်ဆို ဘယ်အချိန်ရှိပြီ သူမ မခန့်မှန်းတတ်။ အိမ်တွေအားလုံးကတော့ မီးတွေမှိတ်ကာအိပ်ကုန်ပြီ။

"ဟင် ... သူသွားနေတာ သချိုင်းဘက်ကိုပါလား"

မမြင့် အနည်းငယ်တော့တွန့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သချိုင်း ... ။

ဟုတ်သည် နေ့လယ်ကတောင် သားလေးကို သင်္ဂြိုဟ်၍ တစ်ခေါက် ရောက်ခဲ့သေးသည်။ ဒီမိန်းမ ဘာသွားလုပ်မှာပါလိမ့်၊ သားလေးဆီကိုများလား။

ထိုအတွေးက သူမရင်ထဲဒိတ်ခနဲဖြစ်သွားပြီး ကြောက်စိတ်ကိုလည်း ဖယ်ရှားပစ်နိုင်ခဲ့ပါ၏။

"သွားစမ်း ဒင်းသွားချင်ရာသွားစမ်း၊ ဘယ်တော့မှမကြောက်ဘူး နားလည်လား"

သူမထင်သည့်အတိုင်းပင် သချိုင်းသို့တည့်တည့်မတ်မတ်ရောက်ခဲ့သည်။ အဝင်ဇရပ်ပျက်ကြီးနှင့် အုတ်ဂူအကျိုးအပဲ့တွေက မမြင့်စိတ်ကို လှုပ်ရှားစေသည်ကတော့အမှန်ပင်။

"ကြည့်စမ်း ငါ့သားလေးမြေပုံရှေ့မှာ ထိုင်လိုက်ပြီ"

စိတ်ထဲ ဒေါသအလွန်အမင်းထွက်သွားသည်။

"ဒါ ... ဘာသဘောလဲ"

"နင့်သားရဲ့နှလုံးသားကိုစားလိုက်ရရင် ဘယ်လောက်တောင်အရသာ ရှိလိုက်မလဲ၊ အို ... နုနုနယ်နယ်လေး"

ထိုမိန်းမမြေကြီးကို လက်နှစ်ဖက်ဖြင့် ယက်ထုတ်နေသည်။ သူမ မျက်လုံးတွေ မီးဝင်းဝင်းတောက်သွားကာ ...

"ဟေ့ ... မလုပ်နဲ့၊ မလုပ်နဲ့"

မမြင့်အတင်းပြေးသွားရန်ကြံသည်။ သို့သော် သူမခြေထောက်တွေ လှုပ်ရှား၍မရတော့။

"ဟား ... ဟား ... ဟား"

"ဟား ... ဟား ... ဟား"





"ဟေ့ ... ပြောနေတာမကြားဘူးလား၊ ငါ့သားအလောင်းကို ပြန်မဖော်နဲ့"

"ဟား ... ဟား ... နင်ဟာ ငါ့ရဲ့ထောင်ချောက်ထဲ ကောင်းကောင်း ဝင်လာခဲ့တာပဲ၊ ဟား ... ဟား ... နင် ငါ့အိမ်ဘေးမှာ လာချောင်းကတည်း က ငါသိပြီသား ဟား ... ဟား"

သူမကြိုးစား၍ခြေလှမ်းတွေလှမ်းကြည့်သည် မရ။ အကယ်၍လှမ်း၍ သာရမည်ဆိုလျှင် ထိုမိန်းမဆီသို့ ဝုန်းခနဲပြေးဝင်ကာ ပါးပြင်ကိုဘယ်ပြန် ညာပြန် ချမိမှာသေချာပါသည်။

ခတော့ ...

"နင် ငါ့ဆီကိုလာလို့မရတော့ဘူးမို့လား။ နင်ကငါ့ကို သိပ်အထင်သေး ခဲ့တာကိုး၊ ဒါဟာ ... ငါ့အစွမ်းဘယ်လောက်ရှိတယ်ဆိုတာနင်မသိလို့ ညံ့တား ကျွတ် ... ကျွတ် ... သနားစရာကောင်းလိုက်တာနော်"

ထိုမိန်းမမှာပြောလည်းပြော မြေကြီးကိုဆက်လည်းတူးနေတော့၏။

"နင် ... ငါ့သားနှလုံးကိုဖောက်စားမလို့လား"

မမြင့်အသံကုန်ဟစ်အော်သည်။

"နင် ... သိပြီးသားပဲ၊ ပြောနေစရာလိုလို့လား"

မခံချိမခံသာပြောတတ်သည့်နေရာတွင် နှစ်ယောက်မရှိနိုင်ပေ။

"ရပ်လိုက်စမ်း ... အခုရပ်လိုက်စမ်း"

"နင် ... ဘာပြောပြော မောရုံပဲရှိမယ် ... ဟား ... ဟား ... ဟား"

"သေနာမ ... စုန်းမ ... ခွေးမ ... တစ္ဆေမ"

သူမအော်ဟစ်သံတွေက ဆူညံသွားသည်၊ ကွဲကွဲအက်အက်ရှိလှသည်။

"မမြင့် ... ဘာဖြစ်တာလဲ၊ သတိထားစမ်း၊ သတိထားစမ်း"



www.burmeseclassic.com

www.burmeseclassic.com



ကိုသုတ လှုပ်နှိုးကာသတိပေးသည်။ တကယ်တော့ သူမ အိပ်မက် မက်နေခြင်းပင်။ နေ့လယ်ပိုင်းက ပင်ပန်းနွမ်းနယ်သောကြောင့် အခန်းထောင့်တွင် မှေးခနဲအိပ်ပျော်နေရာမှ သားကိုစိတ်စွဲကာမက်ခဲ့သောအိပ်မက် ...

"မမြင့်ရယ် နင့်မှာလည်း အစွဲကြီးကမပျောက်နိုင်သေးပါလား"

သူမမှာ သားကိုသတိပြန်ရလျှက် တရှုံ့ရှုံ့ငိုနေပြန်လေသည်။ ဖဲသမားတွေပင်အလန့်တကြားဖြစ်ကုန်သည်။

"ကျွန်မသားလေးကို သိပ်သတိရတာပဲ ကိုသုတရယ်"

"ငါလည်း မင်းလိုပဲပေါ့မိန်းမရယ်"

"ဟိုလေ ... စာရေးဆရာရော"

"ဟိုထောင့်မှာ မှုးပြီးခွေခွေလေးလှဲနေလေရဲ့"

"သူ့ကိုခဏလောက်နှိုးပေးပါလား"

"ဘာလုပ်မလို့လဲ မိန်းမရယ်၊ ညဉ့်နက်လှပြီ၊ သူ့ဘာသာအိပ်ပါစေကွာ"

"မဟုတ်ဘူး ... ကျွန်မမေးစရာရှိလို့"

"မနက်ကျမှမေးပါလား"

"ဟင့်အင်း ... ကျွန်မ မစောင့်နိုင်ဘူး ... မေးစရာရှိတာ ခုချက်ချင်းမေးမှဖြစ်မှာ"

"မိန်းမကတော့ကွာ ... ဖွတ်ပဲ"

ကိုသုတ ခေါင်းကိုတဖျင်းဖျင်းကုတ်ရင်း ဖဲဝိုင်းခေါင်းရင်းတွင် ခွေခွေလေးအိပ်နေသော စာရေးဆရာကို သွားနှိုးလိုက်၏။

"စာရေးဆရာ ... စာရေးဆရာ"

စာရေးဆရာ လူးလူးလွန့်လွန့်နိုးလာသည်။





"ဘာလဲဗျာ"

အသံကအိပ်ချင်မူးတူးကြီး။ မျက်လုံးကမဖွင့်နိုင်သေး။

"ခဏထပါဦး၊ ပြောစရာရှိလို့"

သူဝုပ်တုတ်ထထိုင်လိုက်သည်။

"ပြော ဘာလဲ"

"လာ ... ဟိုဘက်နားခဏသွားရအောင်"

သူတစ်ချက်သမ်းဝေလျှက် ကိုသုတနောက်လိုက်လာခဲ့သည်။ မမြင့်အနားရောက်သည့်အခါ ...

"ကဲ ... မင်းမေးမှာ ဘာလဲ"

"စာရေးဆရာမျက်လုံးဖွင့်ပါဦး"

"ပြောမှာသာပြောစမ်းပါဟာ"

"စာရေးဆရာဆီမှာ ဝါးဆစ်ပိုင်းလေးရှိတယ်မို့လား"

"အင်း"

"အဲဒါဘယ်ကရတာလဲ"

"ဟော"

ထိုအမေးကြောင့် သူမျက်လုံးတွေအလိုလိုပြူးကျယ်သွားရ၏။

"နေစမ်းပါဦး ... ငါ့ဆီမှာရှိတဲ့ ဝါးဆစ်ပိုင်းလေးကိုနင်ဘယ်လိုလုပ်သိလဲ"

"အိပ်မက်ထဲမှာမြင်ဖူးတာ"

"ကြောင်နေပြန်ပြီ"

"ဟုတ်တယ် ... တကယ်ပြောတာ၊ စာအုပ်ပုံပေါ်တင်ထားတာမဟုတ်လား"

"ဟုတ်မယ်ထင်တယ်"

"အဲဒါပြန်ကြည့်ပါဦးမရှိတော့ဘူး … ဟိုစုန်းမနိုးသွားပြီ"

"မဟုတ်တာဟာ"

"ဟုတ်ပါတယ်ဆို"

"ဘယ်တုန်းကလဲ"

"စောစောက"

"နင်ဘယ်လိုမြင်လဲ"

"အိပ်မက်ထဲမှာ"

"လာပြန်ပြီ"

"မယုံရင် ကိုယ့်အိမ်ကိုယ်ပြန်ကြည့်"

"နင် ဦးနှောက်မှကောင်းသေးရဲ့လားဟယ်"

"ဘယ်လိုထင်ထင်ကိစ္စမရှိဘူး။ ပြန်ကြည့်မှာသာပြန်ကြည့်ပါ"

မမြင့်အတည်ပေါက်နှင့်ဆိုနေသောကြောင့် သူတွေတွေဝေဝေဖြစ်သွားသည်။ ဦးရွှေရိုးနှင့်သူသာနှစ်ယောက်ထဲသိသောကိစ္စ၊ မမြင့်သိစရာအကြောင်းမရှိ ဆန်းတော့ဆန်းနေသည်။ ထို့ကြောင့် သူအိမ်သို့ပြန်လာခဲ့သည်။

စာအုပ်ပုံပေါ်တွင်မတွေ့။ အထားများမှားနေသလားဆိုသောအတွေးဖြင့် တစ်အိမ်လုံးလည့်ပတ်ရှာသည်။ အစအနပင်မမြင်ရ။

"ဒါဘာဖြစ်တာလဲ"

ထူးဆန်းစွာရလာသောပစ္စည်းတစ်ခု။ ယခုထူးဆန်းစွာပျောက်ဆုံးနေလေပြီ။ ဘယ်မှာမှရှာလို့မရသည့်အဆုံး သူစိတ်လျော့ကာမမြင့်အိမ်ပြန်လာခဲ့သည်။

"ဟုတ်တယ်မဟုတ်လား"



"အဲဒီဟာ နင်ယူထားတာမဟုတ်လား"

"ပေါက်ပေါက်ရှာရှာတော်"

"ဒါဆို နင့်အိပ်မက်ကဘယ်လိုလဲ"

မမြင့်သူ့အိပ်မက်ကိုအစအဆုံးရှင်းပြလိုက်သည်။

"နင့်ဟာက ယုံခက်ခက် … မယုံရခက်ခက်"

"ဘာကိုပြောတာလဲ"

"အိပ်မက်ကို"

"အခုအိပ်မက်အဟိုင်းမှန်နေပြီမဟုတ်လား"

"ပျောက်တာကတော့ ထူးဆန်းနေတယ်"

"ထူးဆန်းမနေနဲ့ ဒုံးကျည်မဆီမှာ"

"ဟဲ့ အဲ့သလိုလွယ်လွယ်စွပ်စွဲလို့ရမလား"

"ဒါကတော့ စာရေးဆရာသဘောပဲ"

အခုမှ စာရေးဆရာခေါင်းစားရလေပြီ။ လက်တွေ့တွင်လည်း သူမှာမရှိတော့။ ဒုံးကျည်မအိမ်သွားရှာဖို့ကလည်း ဘယ်လိုမှမဖြစ်နိုင်။ ထိုပစ္စည်းလေးကိုပြန်မရလို့ကလည်းမဖြစ်။ ခုတော့ …

အိပ်ချင်စိတ်တွေသည် ဘယ်ရောက်ကုန်မှန်းမသိတော့ပေ။

## အခန်း [ ၈ ]
## ဝက်သီဖတ်ပျောက်ဆုံးမှု

အမိုးစိတ်တွေတိုနေတာသိသာလွန်းသည်။ အကြီးမနှင့်အငယ်နှစ်ကောင်ကိုဝါးခြမ်းပြားဖြင့်တဖြောင်းဖြောင်းရိုက်နေသည်။

"အမလေး ... သမီးတို့မစားပါဘူးအမိုးရဲ့"

"နာတယ် ... နာတယ် ... သားလည်းနိုးမစားပါဘူးဗျ"

"အသားမနာချင်ရင်မလိမ်နဲ့နော်"

"မလိမ်ပါဘူးမေကြီးရဲ့ ... ဝါး ... ဝါး"

သည်လောက်ရိုက်နေတာတောင် မစားပါဘူးပြောနေလျှင် စဉ်းစားစရာဖြစ်လာသည်။ သူ့သားသမီးတွေ ဒီလောက်ထိတင်းခံနိုင်ကြသူများမဟုတ်။ တစ်ချက်နှစ်ချက်လောက်ခပ်ပြင်းပြင်းရိုက်လိုက်ရုံနှင့် အဖြေမှန်ပေါ်လာစမြဲ။ သူတို့ပြောနေတာ အမှန်တွေဖြစ်နိုင်သည်။

"နင်တို့ ဘယ်သွားဆော့နေတာလဲ"

"အိမ်ဘေးမှာ"





ဖြစ်ပုံကသည်လို ...

မနက်(၄) နာရီထိုးသည်နှင့် အမိုးမှာ ဝက်သီဖတ်ရုံကိုသွားယူရသည်။ (၈) နာရီဆိုပြန်ရောက်ပြီ။ ထိုနေ့က ဝက်သီဖတ် (၅) ပိဿချိန်ယူလာခဲ့သည်။ အိမ်ရောက်တော့ဈေးဗန်းအတွင်းသို့ပြောင်းထည့်ကာ အချဉ်ရည်ဖျော်ရန်အတွက်သတိရသည်။ ယခင်နေ့ကဝယ်ထားသည့် မကျီးမှည့်ကလည်းကုန်ပြီ။ ထို့ကြောင့်ကလေးတွေကိုကြည့်နိုင်းထားကာ ဈေးဘက်ထွက်ခဲ့သည်။

အချိန်အကြာကြီးမဟုတ်။

အလွန်ဆုံးကြာ (၁၅) မိနစ်လောက်ပင်ရှိသည်။ ငရုတ်ဆီဝယ်ရုံလေး၊ ငရုပ်သီးနှင့် ကြက်သွန်ဖြူဝယ်ရုံလေး။

အိမ်ပြန်ရောက်တော့ ဗန်းထဲမှာဝက်သီဖတ်တချို့အထားအသိတွေပျက်နေသည်။ စိတ်ထဲတွင်လျော့နေသလိုခံစားရသည်။ ထို့ကြောင့်ပြန်ချိန်ကြည့်သည်။ တစ်စက်လေးမှမရောင်းရသည့်မို့ (၅) ပိဿယူလာလျှင် (၅) ပိဿတော့ ရှိရမည်ပေါ့။ ဟိုကပိုပိုသာသာပေးလိုက်တာပါသေးသည်။ ခုတော့ ... ခုနစ်ဆယ်သားနီးပါးလောက်လျော့နေသည်။ ငွေနှင့်တွက်လျှင်သုံးထောင်နီးပါးလောက်။ ထိုသို့ဆိုလျှင် အရင်းပြုတ်ပြီပေါ့၊ သည်ကလေးတွေ သည်လောက်စားနိုင်ကြမည်မဟုတ်။ ရှူးရှူးရှဲရှဲရိုက်မည့်သာရိုက်လိုက်ရသည် အရင်က တစ်ခါမှမကြုံဘူး။

"အိမ်ရှေ့ကိုတယ်သူလာတာတွေ့သေးလဲ"

"အစွန်ဆုံးအိမ်က အန်တီကြီး"

"ဟိုစုန်းမကိုပြောတာလား"

"အင်း"

ကလေးနှစ်ယောက်က ငိုမဲ့မဲ့နှင့်ဆိုသည်။

"အိမ်ရှေ့မှာ သူရပ်သေးလား"

www.burmeseclassic.com



"မသိဘူး ... ဖြတ်သွားတာတော့မြင်တယ်"

"တော်တော်အသုံးမကျတဲ့ကလေးတွေ၊ ကိုယ်အိမ်ရှေ့လူရပ်တာတောင် နမော်နမဲ့နိုင်တဲ့ဟာတွေ"

"ဒေါက်"

အငယ်ကောင်ခေါင်းကို ဒေါက်ခနဲခေါက်လိုက်၏။

"အား ... နာတယ် ... နာတယ်"

"သေ ... သေ ... သေလိုက်"

စန်းစန်းဆိုသည့်ကောင်မလေးထွက်လာသည်။

"တော်ပါတော့အမိုး ... ကလေးတွေအသားနာလှပါပြီ"

"အခုဟာကမြောင်ကိုပျောက်သွားတာ စန်းစန်းရဲ့"

"အရင်ကခြံထဲမှာ ဒီလိုတစ်ခါမှမဖြစ်ဖူးပါဘူး"

"အဲဒါကြောင့်လည်း ပေါ့ပေါ့ဆဆတံခါးဖွင့်ထားခဲ့တာပေါ့ ... ဒါ ဟိုကောင်မလက်ချက်ပဲဖြစ်ရမယ်"

"ဘယ်သူလဲ"

"ဘယ်သူရှိရမှာလဲ၊ ဟို ... စုန်းမတစ္ဆေမပေါ့"

"စောစောကတော့ လှမ်းမြင်လိုက်သေးတယ်"

"သူလက်ထဲဘာပါသေးလဲ"

"ပခုံးမှာတော့ လွယ်အိတ်နက်ကြီးတစ်လုံးနဲ့ပဲ၊ ဒါ ... သူဘယ်သွားသွားလွယ်နေကျလေ"

"အဲဒီအိတ်ထဲထည့်သွားတာပဲဖြစ်ရမယ်"

"လက်ပူးလက်ကျပ်မမိတော့လည်း ပြောရတာခက်သားပဲအမိုးရယ်"

ထိုစဉ် ဦးရွှေရိုးနှင့် စာရေးဆရာသူတို့အနားရောက်လာသည်။





"အကျင့်မကောင်းတဲ့ဟာတွေ ခြံထဲရောက်လာတာတစ်နေ့တော့ ပြဿနာဖြစ်တော့မယ် ဦးရွှေရိုးရေ"

"ဘာဖြစ်လို့လဲ"

အမိုး ဒေါနှင့်မောနှင့်ရှင်းပြလိုက်သည်။

"ဒီကောင်မခြံထဲရောက်လာမှ ဒီလိုတွေဖြစ်ကုန်တာ၊ မောင်းထုတ်လိုက်စမ်းပါ ဦးရွှေရိုးရယ် ... ခြိနာပါတယ်"

"ငါ့သဘောနဲ့ငါထားတာမှမဟုတ်တာ၊ ခြံရှင်ကိုယ်တိုင်ထားတာလေ၊ ဘယ်လိုလုပ်မလဲ"

"အခုလိုဖြစ်တာတွေပြောပြပေါ့တော်"

"ပြောတာတော့ဟုတ်ပါပြီ ... သူ့ရယ်လို့တိတိကျကျ နိုင်နိုင်လုံလုံ စွပ်စွဲနိုင်တဲ့ အထောက်အထားဘာရှိမှာလဲ ... ကိုင်းပြော"

"သူမဟုတ်လို့ ဘယ်သူဖြစ်ရမှာတုန်း"

"အဲလို မျက်နှာလွှဲခဲပစ်မပြောနဲ့လေဟယ် ... တရားမဝင်ဘူးနော်"

"တွေ့မယ် ... တွေ့မယ် တစ်နေ့မိအောင်ကို ဖမ်းပြလိုက်ဦးမယ်၊ မိလို့များကတော့ ဂွခနဲနေအောင်လုပ်ပြမယ်"

ဦးရွှေရိုးဘာမှဆက်မပြောတော့ဘဲ စာရေးဆရာအားမျက်စပစ်ကာ လက်ဖက်ရည်ဆိုင်ဘက်သို့ထွက်လာခဲ့သည်။

"ခင်ဗျား အဲဒီမိန်းမကို ဘယ်လိုမြင်လဲ"

"ဗျာ် ... စာရေးဆရာကတော့ ခက်နေပြန်ပါပြီ၊ ခင်ဗျားကကျွန်တော့်ကို ပြန်မေးရသေးတယ်လို့ဗျာ"

"နည်းနည်းတော့စိတ်ဝင်စားစရာကောင်းတယ်"

"ရင်းနှီးအောင်ကြိုးစားကြည့်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်တော့ကူးထားတယ်၊ ဒါပေမဲ့ လွယ်မယ်မထင်ဘူး"

"ဘာကြောင့်လဲ"

"သူမှာ လျှို့ဝှက်ချက်တစ်ခုခုများရှိနေမလားပဲ"

"ဒါကတော့ ကျုပ်မသိဘူး၊ ခင်ဗျား ဝါးဆစ်ပိုင်းလေးပျောက်သွားတာတော့ နှမြောလိုက်တာဗျာ"

"ကျွန်တော့်ကို အိပ်မက်တောင်ပေးသေးတာ"

"ဘယ်လို ... ဘယ်လို"

လက်ဖက်ရည်ဆိုင်ရောက်ပြီမို့ သူတို့ထိုင်လိုက်ကြသည်။

"ကျုပ်စမူဆာပဲစားမှာနော် လက်ဖက်ရည်မသောက်ဘူး"

"ခင်ဗျား 'မောနင်းပက်' ပက်ချင်သေးတယ်မဟုတ်လား၊ ဆိုင်ကဒီနားတင်ပဲဥစ္စာ၊ သွားလိုက်လေ ... ကျွန်တော်လက်ဖက်ရည်သောက်ရင်း စောင့်နေမယ်"

"အင်း ... ဒါလည်းကောင်းတာပဲ"

အလိုက်သိစွာသွားနိုင်းလိုက်တော့ သူလည်းအားမနာနိုင်တော့ပေ။ ထိပ်ပြုံပြုံလေးလုပ်လျှက်ထွက်သွားလေသည်။

ဒါက ... ဦးရွှေရိုးပြုနေကျထုံးစံ ...

ကုလားမော့ မော့လာခဲ့သည့်ထင်၏။ သိပ်မကြာလိုက်၊ ပြန်ရောက်လာ၏။ သူ့ပုံစံက ခုမှ နေသာထိုင်သာရှိသွားသလို။

"ဆိုစမ်းပါဦး ... ဘယ်လိုအိပ်မက်ပေးတာလဲ"

စာရေးဆရာက စီးကရက်ကိုတစ်ရှိုက်,ရှိုက်ဖွာလိုက်ရင်း ...

"ထွေထွေထူးထူးတော့မဟုတ်ပါဘူး၊ အဘိုးကအိပ်မက်ထဲမှာ သူပေးလိုက်တဲ့ပစ္စည်းလေးကို မပျောက်မပျက်အောင်သေသေချာချာ သိမ်းထားဖို့ပါ"





"အခုလိုပျောက်သွားတာ ဘယ်သူ့လက်ထဲမှာလို့ သေသေချာချာပြောရင်ကောင်းသား"

"ကျွန်တော့် စိတ်ထဲမှာတော့ အဲဒီပစ္စည်းလေးဟာ ဘယ်လိုနေရာမှာ အသုံးဝင်တယ်ဆိုတာပြောပြစေချင်တယ်"

"ပစ္စည်းပျောက်နေတာက အဓိကပါကွာ"

"အင်း ... ဒါလည်းဟုတ်တာပဲ"

သူတို့နှစ်ယောက် ဘာဆက်ပြောရမှန်းမသိဘဲ အဝေးသို့ငြိုင်တွေငေးနေကြလေသည်။

❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၉]
## ရန်ကုန်သို့ကြော်ကွက်

သည်တစ်ကြိမ်တွင်တော့ သည်မြင်ကွင်းကို ကိုသုတကိုယ်တိုင် မြင်ခဲ့ရခြင်းဖြစ်သည်။ ပါးစပ်အဟောင်းသားဖြစ်ရမည်။ မျက်လုံးပြူးမျက်ဆန်တွေပြူးကျယ်ရသည့်အထိပင်။ အများပြောတာဖြစ်နိုင်တယ် ဟူသောမှတ်ချက်ချနိုင်လောက်သည့်အထိပင်။

ဖြစ်ပုံက သည်လိုဖြစ်သည်။

ထိုနေ့က အ,သုဘရက်လည်အတွက် ချက်ကြပြုတ်ကြသည့်နေ့ ဖြစ်သည်။ တယီတာယများသော မုန့်ဟင်းခါးကိုပင်အတည်ပြုလိုက်ကြသည်။ အမိုး မုန့်ဟင်းခါးချက်ရာတွင် လက်ရာကောင်းတာလည်းပါသည်။

ဦးရွှေရိုးတို့နှင့် အတူတူသောက်ထား၍ အရက်လေးကလည်း ခပ်ရွှေ တွေ့ရှိနေဆဲကာလ _ ။ သားကိုလွမ်းတာလည်းပါသည်။ လူပြောသူပြော သော ဒုံးကျည်မအကြောင်းကိုလည်း စုံစမ်းချင်စိတ်တွေဖြစ်လာပါသည်။

ဖဲဝိုင်းကကောင်း ... ။





ချက်ပြုတ်ကြသူတွေကလည်း ကိုယ့်တာဝန်ကိုယ်ယူ _ ။

ထိုစဉ် _ ဘာမပြောညာမပြော ဒုံးကျည်မနေထိုင်ရာအပိုင်းသို့ထွက်လာခဲ့သည်။ အိမ်နားရောက်သည့်အခါ စကားပြောသံလိုလိုကြားရသည်။

"ငါ့စိတ်ထဲ ထင်နေလို့များလား"

အမူးသမားဆိုတော့ ကိုယ့်ကိုလည်းစမ်းစစ်ရသေးသည်။ သို့သော်မဟုတ်။ တကယ်ကို တိုးတိုးသဲ့သဲ့ကြားနေရခြင်းဖြစ်သည်။

"ဘယ်သူနဲ့ပြောနေတာလဲ"

ဒုံးကျည်မလို အပေါင်းအသင်းမဲ့ အဖော်မဲ့မိန်းမတစ်ယောက်အတွက် စကားပြောဆိုသံကြားရသည်ဆိုခြင်းမှာ ထူးတော့ထူးဆန်းနေပါသည်။

အနားသို့ရောက်လာခဲ့သည်။

ပြောနေသည့်စကားသံတွေကို သူနားမလည်။ ချောင်းကြည့်သည်။ အိမ်ပေါ်တွင် ဟိုဘက်သည်ဘက်လျှောက်နေသည့် ဒုံးကျည်မ။ အနီရောင်အင်္ကျီနှင့် ဂါဝန်ကြီးကိုဝတ်ဆင်ထား၏။ မြုန်းခနဲကြည့်လျှင် ရှေးခေတ်ဈာမနိုင်ငံသို့ရောက်နေသည်နှင့်တူတော့သည်။

"ဒီမိန်းမ ဘာအရူးထ,နေတာလဲ"

ဟုတ်တော့လည်းဟုတ်သည်။ သူ့ကိုယ်သူ စင်မြင့်ထက်တွင် ပရိသတ်ကို ဖျော်ဖြေနေသလိုမျိုး ဟန်ပန်တွေအပြည့်။ တစ်ဖက်ကို လှည့်၍ ဦးညွှတ်လိုက်သေးသည်။

ထို့နောက် အရိုးခေါင်းရှေ့တွင်လက်ကိုဘယ်ညာယမ်းကာ ဇွဲဝိုက်နေ၏။ ဘာမှန်းမသိဂါထာတွေကလည်း ပေါက်ပေါက်ဖောက်သလို _ ။

"အို"

ကိုသုတမြင်နေရသည့် အရိုးခေါင်းတစ်ခု မျက်စိရှေ့တွင်ရွေ့ကသွား

www.burmeseclassic.com



သည်။ တကယ့်ကိုတိတိပပကြီး။ မအံ့သြဘဲမနေနိုင်တော့။ ဟော _ နောက် တစ်လုံးရှေ့မှာ လက်ဝှေ့ဝဲနေပြန်ပြီ။

"ဟင်"

နောက်တစ်လုံးပျောက်သွားပြန်လေပြီ၊ သူကြက်သီးတွေထ,လာသည် ပြောမယုံကြုံဖူးမှသိဆိုသောစကားအတိုင်း ခုတော့ လက်တွေ့မျက်မြင်။

"ဘုရား ... ဘုရား"

နောက်တစ်လုံးလည်းပျောက်သွားပြန်လေပြီ။

"သေချာပါပြီ ... ဒီမိန်းမ စုန်းမမှုစုန်းမစစ်စစ်"

ကိုသုတဆက်မကြည့်ရဲတော့။ ခြေလှမ်းတွေကိုနောက်ဆုတ်ကာ အိမ်သို့ အမြန်ပြန်လာခဲ့သည်။ သည်ကိစ္စ ဦးရွှေရိုးတို့၊ စာရေးဆရာတို့ကို ရင်ဖွင့်ရမည် တစ်သက်လုံးမယုံကြည့်ခဲ့သောကိစ္စ၊ ခုတော့လက်သင့်ခံရမလိုဖြစ်နေပြီ၊ သည် မိန်းမပြဿနာက လွယ်လွယ်နှင့်ဖြေရှင်း၍မရမှန်းတော့ သိနေပါ၏။



# အခန်း [၁၀]

## လူတစ်ယောက်သေခဲ့ခြင်း

ခြံတစ်ဝန်းလုံးအုတ်အော်သောင်းနင်းဖြစ်သွားသည်။ အကြောင်းမှာ ကားစပယ်ယာလေး နောင်နောင် ဗိုက်အောင့်သည်ဟုဆိုကာ နာရီပိုင်းအတွင်းမှာ င် သေဆုံးသွားသောကြောင့်ဖြစ်သည်။

"အမလေးကိုနောင်ရဲ့အဖြစ်ဆိုးလှချည်လား"

နောင်နောင်ဆိုသည့်ကောင်လေးမှာ အသက်အစိတ်ပင်ကျော်ပုံမရ သေး။ ထို့ပြင် အိမ်ထောင်ကျတာလည်း တစ်နှစ်ကျော်ကျော်ပင်ရှိဦးမည်၊ သားသမီးမရသေး၊ ကောင်မလေးကရှမ်းမ။ မိဝေးဖဝေးဖြင့် ယောကျ်ား အလုပ် အဆင်ပြေရာသို့ သျှောင်နောက်ဆံထုံးပါခဲ့ရသူ။

"မိနန်းရယ် ... နင့်ယောကျ်ားက ဘယ်လိုဖြစ်ရတာလဲ"

"အောင့်တယ် ... အောင့်တယ်ဆိုပြီး အသက်ပါသွားတာပဲ"

"အရင်က အစာအိမ်အခံရှိလား"

"ကားသမားဆိုတော့ အစားအသောက်မမှန်တာတော့ရှိတာပေါ့



www.burmeseclassic.com

ဒါပေမဲ့ခုကိစ္စကဟိုကောင်မလုပ်တာ''

''ဘယ်ကောင်မလဲ''

''ဒုံးကျည်မ''

''ဆိုစမ်းပါဦး''

ဒေါ်ငွေမှုံက ဒုံးကျည်မနာမည်ပါလာသောကြောင့် စိတ်ဝင်စားသွား သည်။

''တလောက ကိုနောင်လိုက်တဲ့ကားပေါ်မှာ အဲဒီစုန်းမပါလာတယ်လေ မြောက်ဥက္ကလာကစီးလာတာ၊ သူက ကိုနောင်ကိုနှစ်ရာတန်တစ်ရွက်ပေးတယ် ကိုနောင်က ပြန်အမ်းမယ်နော်ဆိုပြီး ချေချင်ငံပြောခဲ့တာပါ၊ ဒါပေမဲ့''

''ဒါပေမဲ့ ... ဘာဖြစ်လဲ''

''အဲဒီမိန်းမက မျက်နှာထားမာမာနဲ့ ကားစပယ်ဖြစ်ပြီး ငါးဆယ် အစွမ်း ထွက်တဲ့လမ်းအတွက် အကြွေတော့ဆောင်ထားသင့်တာပေါ့တဲ့''

''ကိုနောင်က ... ဟုတ်ကဲ့ ကျွန်တော်တို့ပေါ့ဆလို့ပါလို့ ရှုတ်နောက် နောက်နဲ့ပြောခဲ့သေးတာ''

''သဃ်န်းကျွန်းမှာတစ်ခါ ရခိုင်ကျောင်းမှာတစ်ခါ ထပ်တောင်းသေး တယ်၊ ကံဆိုးချင်တော့ အဲ့ဒီအချိန်အထိ ငါးဆယ်တန်က သူ့လက်ထဲရောက်မလာ သေးဘူး၊ တလပေါင်းရောက်လို့ရရင်ပြီးရောမဟုတ်လားလို့ ပြောခဲ့သေးတာ နောက်ဆုံး ဒီကိုရောက်တော့ အကြွေမအမ်းနိုင်ဖြစ်ရော ...။ အဲဒီမိန်းမ ပူညံပူညံလုပ်ပြီး သူ့နှစ်ရာတန်ပြန်တောင်းတယ်လေ၊ ပြီးတော့ သူ့မှာပါတဲ့ လိမ္မော် သီးနှစ်လုံးကို တစ်ရာ့ငါးဆယ်နဲ့ဈေးဖြတ်ပြီးပေးခဲ့တာ၊ ခု ... ဒါကိုသူစား သေတာပဲ''

''ဖြစ်မှဖြစ်ရလေဟယ်''





''ကိုနောင်သေရတာ ဒီမိန်းမကြောင့် အီး ... ဟီး ... ဟီး''

မနန်းပြောလည်းပြော၊ ငိုလည်းငို၏။ ညားတာမှမကြာသေး၊ ချစ်လို့မဝ သေး၊ စောစောစီးစီး မုဆိုးမဘဝကိုရလိုက်သည်ဆိုတော့ ဘယ်လောက်ခံစားရ မလဲ ... တွေးသာကြည့်တော့။

''ကိုနောင်ရေ ... ဟိုမိန်းမက ရှင့်ကိုသတ်လိုက်တာတော့်''

''လိမ္မော်သီးစားရရုံနဲ့တော့ ဖြစ်နိုင်ပါ့မလား''

''သူက ပညာတတ်တဲ့လူပဲဒေါ်လေးရဲ့ သူ့မကျေနပ်ရင်လုပ်လို့ရတာ ပေါ့''

''ငါတော့ ဘာပြောရမှန်းတောင်မသိတော့ပါဘူးအေ''

''ခုလည်းကြည့် ဒီမိန်းမဘယ်ထွက်သွားပြန်ပြီလဲမသိဘူး၊ သူလုပ်ကာ လူသိမှာစိုးလို့ ထွက်ပြေးတာလေ''

အသက်ငယ်ငယ်ရွယ်ရွယ်နှင့် သေဆုံးသွားသည်မို့ တချို့က စိတ် မကောင်းကြ၊ အ,သုဘအိမ်သို့ရောက်လာသူတွေ တော်တော်များသည်။ မနန်းကို သနားကြတာလည်းဖြစ်နိုင်ပါ၏။

နောင်နောင်ကို အ,သုဘချသောနေ့တွင် အလွန်စည်သည်၊ သို့သော် ဒုံးကျည်မကိုတော့ မတွေ့။ ဦးရွှေရိုးနှင့်စာရေးဆရာရောက်လာသောအခါ မနန်း အကျိုးအကြောင်းပြောပြသည်။ စာရေးဆရာက ...

''နင်ကလည်း သူများတကာကိုသွားပြီး ဥပါဒ်မဆွဲပါနဲ့ စိတ်ငြိမ်ငြိမ်ထား စမ်းပါ သေတဲ့လူလည်း သေသွားပြီ''

''မဟုတ်ဘူးရှင့် ... ဒီမိန်းမသတ်တာ''

''တော်ပါတော့ဟာ ... စကားဆိုတာအများကြီးပြောတာမကောင်း ဘူးနော် ... ထိန်းထိန်းသိမ်းသိမ်းပြောကြစမ်းပါဟာ''



www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာက ဝင်ပြောတာဖြစ်သည်။

"မဟုတ်တာ မဟုတ်ဘူးလို့ပြောရမှာပေါ့"

"နင်တို့ကတော့ သေတော့မှာပဲဟာ"

စာရေးဆရာတော်တော် ဒေါပွသွားသည်။ ဘာကိုပြောလို့ပြောရမှန်းလည်းမသိ။

"စကားဆိုတာ အခြေအမြစ်မရှိရင် မပြောတာအကောင်းဆုံးပဲ – ကဲတော်ကြတော့"

ထိုနေ့က စာရေးဆရာစကားကြောင့် သူမ တိတ်ဆိတ်ငြိမ်သက်သွားသည်။ ဒုံးကျည်မအပေါ်ရန်ငြိုးမပြေနိုင်မှုကတော့ မစွမ်းသာသေး။



အခန်း [ ၁၁ ]

## ဘဝေးသို့သွားစေချင်ကြသူများ

ထိုနေ့က ထားထားစုဆိုသောကောင်မလေးတစ်ယောက်ဆုံးပြန်သည်။ ကောက်ကာငင်ကာသေဆုံးခဲ့ခြင်းဖြစ်သည်။ ရုတ်တရက်ဆိုသလို ဘယ်ဘက်ရင်ဘတ်မခံနိုင်အောင်အောင့်လာခဲ့ပြီး မိနစ်ပိုင်းအတွင်းပင် အသက်ဆုံးရှုံးရသောအဖြစ်။ ဆရာဝန်အဆိုအရတော့ သွေးရပ်သွားခဲ့သည်ဟုဆိုသည်။

ထားထားစုမှာ အပျိုဖော်ဝင်ခါစအရွယ်လေး။ ကိုးတန်းကျောင်းသူလေး ရုပ်ရည်လေးချောမောသလို ပညာရေးတွင်လည်းစာတော်သူဖြစ်၏။ ထို့အပြင် တစ်ဦးတည်းသောသမီး။ ထို့ကြောင့် ယူကျုံးမရဖြစ်ရသည်။ ရင်ကွဲပတ်လက်ဖြစ်ရသည်။ အမေဖြစ်သူဒေါ်သန်းသန်းမှာ ရင်ဘတ်စည်တီးဖြစ်လျက် –

"ငါ့သမီးကိုသတ်တာ ဟိုကောင်မ"

ခြံသားတွေမှာလည်း ထိုအဖြစ်အပျက်ကြောင့် နဝေတိမ်တောင်ဖြစ်ကုန်ကြသည်။ ဆန်းကြယ်စွာတိုက်ဆိုင်လာသော အဖြစ်တွေကမရှုနိုင်စရာပင်တည်းလား။ သည်တစ်ကြိမ်တွင်တော့ ဦးရွှေရိုးက –



www.burmeseclassic.com

www.burmeseclassic.com



"အခု အဖြစ်ကိုစာရေးဆရာဘယ်လိုမြင်လဲ"

"ကျွန်တော် ဘာမှမပြောတတ်တော့ဘူးဗျာ"

"ကျွန်တော်ကတော့ ဒေါ်သန်းသန်းပြောတာကိုလက်ခံချင်တယ်"

ကိုသုတဝင်ပြောသည်။ အမိုးကတော့ကွမ်းကို ပါးစပ်တစ်ခုလုံးရဲ့တောင်းထ,အောင်ဝါးရင်းက ဗျစ်ခနဲတစ်ချက်ထွေးကာ ...

"ကျွန်မသဘောတော့ ဒီကောင်မကိုခြံထဲမထားတာ အကောင်းဆုံးပဲ"

စန်းစန်းက ဝင်ပြောပြန်သည်။

"ခုတလော ဒီမိန်းမ ထားထားစုကို ကြည့်သွားတဲ့အကြည့်တွေကို မကြိုက်ပါဘူး"

"ဘာဖြစ်ထားလို့လဲ"

"မသိပါဘူး ... သူ့ကို ဘယ်သူက အဖက်လုပ်ပြီးဆက်ဆံလို့လဲ၊ ကြည့်,ကြည့်သွားတာရန်သူလို"

"မဖြစ်တော့ပါဘူး ဦးရွှေရိုးရယ် ... ဒီကိစ္စကိုမြန်မြန်ရှင်းမှဖြစ်မှာပါ"

"ဟူး ... ခက်တော့ခက်နေပြီဗျာ"

ဦးရွှေရိုး ဘာဆက်လုပ်လို့ လုပ်ရမှန်းမသိဖြစ်သွားသည်။

"ခြံရှင်ဆီကို လူကိုယ်တိုင်သွားပြီးပြောတာ အကောင်းဆုံးပဲ"

"ဦးအောင်မြင့်နိုင်က ခေတ်ပညာတတ်တစ်ယောက်နော်"

"အဲဒါဘာဖြစ်လဲ"

"ဒီလိုကိစ္စမျိုးတွေယုံချင်မှယုံမှာ ... "

"ခုဟာက တိုက်ဆိုင်မှုမှမဟုတ်တာ၊ ဒီကောင်မ တစ်ယောက်ပြီး တစ်ယောက်လုပ်နေတာ၊ နောက်ဆိုဒီခြံထဲ ဘယ်သူမှနေရဲမှာမဟုတ်တော့ဘူး"

"စာရေးဆရာဘယ်လိုလဲ"





"တစ်ခုခုတော့ လွဲချော်နေပြီထင်တာပဲ"

"မလွဲပါဘူး စာရေးဆရာရယ်၊ ကိုယ်တိုင်ခံရတာတောင် ဟိုဘက်က လိုက်ပြီး ပြောနေရသေးတယ်လို့အံ့ပါရဲ့ရှင်"

"ဒီဝါးဆစ်ပိုင်းကို သူယူတာ ဘယ်သူမြင်ခဲ့လို့လဲ"

"အိပ်မက်ထဲမှာ မြင်ခဲ့ပြီးပြီရှင်"

"ဒါ ... တရားမဝင်ဘူးလေ"

"မမြင့် မက်ခဲ့တာလည်းအမှန်မဟုတ်လို့လား"

ဦးရွှေရိုးစိတ်ရှုပ်သွားသည်။ သူတို့အားလုံးပြောဆိုနေကြသည်က စာရေးဆရာအိမ်ဘေးရှိ မြေကွက်လပ်တွင်ဖြစ်၏။

"ခြံရှင်ဆီမသွားခင် ဒုံးကျည်မကိုခေါ်ပြောရရင်ကောင်းမလားမသိဘူး"

ဘယ်သူ့ဆီကမှ အကြံပြုသံထွက်ပေါ်မလာ။

"အင်း အဲဒါကောင်းမယ်ထင်တာပဲ၊ ဟဲ့ ... သံချောင်း မင်းဒုံးကျည်မကို သွားခေါ်လိုက်စမ်း"

(၁၅) နှစ်အရွယ်လောက်ရှိ သံချောင်းကိုနိုင်းနေခြင်းဖြစ်သည်။

"ဟာ ... ဦးလေးကလည်းမသွားရဲပါဘူး"

"ဘာကြောင့်လဲ"

"ကြောက်တာပေါ့ဗျ"

"မင်းယောကျ်ားမဟုတ်ဘူးလား"

"ယောကျ်ားကယောကျ်ား ကြောက်တာကကြောက်တာပဲ၊ မသွားရဲပါ ဘူးဗျာ"

အမိုးစိတ်မရှည်ချင်တော့ ... ။

"ကဲပါ ... ကလေးကိုနိုင်းနေလည်းအပိုပဲ၊ သုတ ... နှင်သွား



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့"

"ဒီကောင်မနဲ့ ကျုပ်သိပ်မျက်နှာချင်းဆိုင်ချင်တာမဟုတ်ဘူး"

"နင့်ကို မျက်နှာချင်းဆိုင်ဖို့ပြောတာမဟုတ်ဘူး၊ ကျောပေးပြီး ဦးရွှေရိုးကခေါ်ခိုင်းတယ်ဆိုရင်ပြီးပြီ"

"ကဲ ... သွားလိုက်ပါတော့ သုတရယ်"

ဦးရွှေရိုးဝင်ပြောတော့မှ ကိုသုတတစ်យောက် အောင့်သီးအောင့်သက်ဖြင့် ထွက်သွားရလေသည်။

မကြာချေ။

ကိုသုတနှင့်အတူဒုံးကျည်မပါလာလေ၏။ ရောက်လျှင်ရောက်ချင်းပင်

"ဆိုစမ်းပါဦး ... ဘာကိစ္စ"

မျက်နှာကခပ်တင်းတင်း။ လေသံက အောက်သို့တစ်စက်လေးမှကျမသွား။

"အကူအညီတစ်ခုတောင်းချင်လို့"

ဦးရွှေရိုးကစကားစသည်။

"အထူးအဆန်းပါလား၊ ကျွန်မဆီက အကူအညီတောင်းရတယ်ဆိုတော့"

"လိုရင်းတိုရှင်းပဲပြောမယ်"

"ကျွန်မကလည်း အဲဒါကိုပဲနားထောင်ချင်တာ"

"ဖြစ်နိုင်ရင် မင်းတခြားခြံတစ်ခြံကိုပြောင်းစေချင်တယ်"

"ဘာပြောတယ်"

"တခြားတစ်နေရာရာကို ... "

"အဲဒါ ရှင်တို့လိုချင်တဲ့အကူအညီပဲလား"





"ဟုတ်တယ်"

"ဘာကြောင့်အခုလိုပြောရတာလဲ"

"ခြံထဲက လူတွေအားလုံး မင်းရှိနေတာကိုမလိုလားကြတော့ဘူး"

"ကျွန်မဘက်ကရော သူတို့ရှိနေတာကို မလိုလားဘူးပြောပြီး အကူအညီတောင်းခဲ့ရင် လက်ခံမှာလား"

"ဘာရယ်"

အမိုးက တိတ်ဆိတ်နေရာမှ ဆတ်ခနဲခေါင်းထောင်လိုက်သည်။

"သဘောပြောတာပါ"

"ခြံထဲကလူတွေက ဘာမှလုပ်တာမဟုတ်ဘူး၊ ရှင်ကသာ ဒုက္ခပေးနေတာ"

"သိပ်ကိုတစ်ဖက်စီးနင်းနိုင်တဲ့စကားတွေပါလား"

"ဒါကတော့ နင်ကိုယ်တိုင်အသိဆုံးဖြစ်မှာပေါ့"

"သိစရာအကြောင်းမရှိသလို ကိုယ့်ရဲ့ကိုယ်ကျင့်သိက္ခာကိုလည်း ကိုယ်ယုံတယ်"

"တော်စမ်းပါ စုန်းမရယ်"

အမိုးပါးစပ်က လွှတ်ခနဲထွက်သွားခြင်းဖြစ်သည်၊ ဒုံးကျည်မ၏ မျက်နှာပြင်တွင် အံ့သြခြင်းအရိပ်အငွေ့တွေ တဖျပ်ဖျပ်ပြောင်းသွား၏။ မျက်လုံးတွေက စူးရဲတောက်ပလာသည်။ အကဲခတ်နားလည်ရန်မလွယ်ကူသော အမူအရာတွေ ထင်ဟပ်လာသည်။ တစ်ယောက်ချင်း၏မျက်နှာကို စေ့စေ့ကြည့်သည်၊ သူမရင်ထဲ ဘာတွေဖြစ်ပေါ်သွားသည်ကိုတော့ မခန့်မှန်းနိုင်။ အတန်ကြာသည်အထိ သူမထံမှစကားထွက်မလာ။ နောက်မှ ...

"စိတ်ချ ... ကျွန်မထွက်သွားမယ်၊ ဒါပေမဲ့ ခုတော့မဟုတ်သေး



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ လူတစ်ယောက်ယောက်ကိုသတ်ပြီးမှ''

ယင်းနောက် ... ချာခနဲလှည့်ထွက်သွားလေသည်။ ကျန်ခဲ့တဲ့ခြံသားတွေ လှုပ်လှုပ်ရွရွဖြစ်ကုန်သည်။

''ဘုရားရေ ... တစ်ယောက်ယောက်ကိုသတ်ပြီးမှတဲ့''

''ဘယ်သူ့ကိုလဲဟင်''

'ဘယ်သိပါ့မလဲ''

''အခြေအနေမကောင်းတော့ဘူး ဦးရွှေရိုး ခြံရှင်ဆီကိုသွားပြီး မြန်မြန် အကြောင်းကြားလိုက်တော့''

ဦးရွှေရိုးလည်း အူကြောင်ကြောင်ဖြစ်နေရှာတော့၏။



# အခန်း [၁၂]
## နောက်ဆုံး ဆုံးဖြတ်ချက်

ရန်ကုန်မြို့တစ်နေရာရှိ လူကုံထံရပ်ကွက်တစ်ခုတွင်ဖြစ်သည်။ လမ်းလေးတွေက ဟိုကွေ့သည်ဝိုက်။ တောင်ကုန်တောင်ဆင်းလေးများ၊ သစ်ပင်အရိပ်များက သာသာယာယာ။ ခြံနှင့်ဝန်းတွေက ကျယ်ကျယ်လွင့်လွင့်၊ သည်လိုနေရာတွေက သိန်းထောင်ကျော်တန်တွေချည်း။ တော်ရုံလူတွေ အနားမသီဝံ့သည့်နေရာ။

''ခြံရှင်က တော်တော်ချမ်းသာလား''

''ဘိုးဘွားလက်ထက်က အမွေတွေရလိုက်တာဗျ။ မဆိုးပါဘူး''

ဦးရွှေရိုးနှင့် စာရေးဆရာလမ်းလျှောက်လာကြရင်း စာရေးဆရာက မေးလိုက်ခြင်းဖြစ်သည်။

''ခင်ဗျားဖုန်းဆက်တော့ သူစောင့်နေမယ်တဲ့လား''

''အင်း''

''စိတ်သဘောထားကရော''



www.burmeseclassic.com

www.burmeseclassic.com



"ပြည့်ပါတယ်၊ နှမြောတွန့်တိုတာမျိုးလည်းမဟုတ်ဘူး။ ကုန်သင့်ကုန်ထိုက်ရင်တော့ ကုန်လိုက်တာပဲ၊ မှန်တယ်ထင်ရင်လည်း ပြတ်ပြတ်သားသားဆုံးဖြတ်ရဲတဲ့လူ"

"သားသမီးရော ဘယ်နှစ်ယောက်ရှိလဲ"

"ဒါတော့ ဂဃနဏမသိဘူး၊ ရှိမှာပေါ့ သားကြီးသမီးကြီးတွေ"

စကားတပြောပြောနှင့် လမ်းလျှောက်လာရာမှ ...

"ဟိုဟာ ... သူခြံနဲ့အိမ်ပဲ"

ခြံဝင်းကတော်တော်လေးကျယ်သည်။ ဆောက်ထားသည့် အိမ်ပုံစံကလည်း ခေတ်မီမီပင်။ ခြံအတွင်း သစ်ခွတွေစိုက်ထားတာတော့ ထူးခြားသည်။ ထို့အပြင် ရောင်စုံနှင်းဆီပန်းတွေကလည်းနေရာအပြည့်။

"ဟင် ... ဦးရွှေရိုး ဒီကိုဘာလာလုပ်တာလဲ"

ခြံဝတွင် ပေါင်းသင်နေသော လူရွယ်လေးက ဆီးမေးသည်။

"ခြံရှင်နဲ့တွေ့စရာရှိလို့"

"ချိန်းထားတာလား"

"ဟုတ်တယ်"

"ဒါကြောင့်မို့ထင်တယ်၊ ဒီနေ့အပြင်ကို ထွက်လာတာမမြင်တာ၊ ခါတိုင်းဆိုထွက်သွားပြီ"

"ဟုတ်လား"

"ကိုင်း အထဲဝင်ကြရအောင်"

ဦးရွှေရိုးကပင် ဦးဆောင်ခေါ်သွားသည်၊ အိမ်ရှေ့တံခါးဆီသို့ရောက်သည့်အခါ အိမ်ဖော်မလေးတစ်ဦးကိုတွေ့ရသည်။

"ဦးအောင်မြင့်နိုင်က ဦးရွှေရိုးကိုစောင့်နေတာ"





"အေး ... အေး တံခါးသာဖွင့်"

သူဟိုနှစ်ဦး အိမ်အတွင်းသို့ဝင်ရောက်စဉ်မှာပင် ဦးအောင်မြင့်နိုင်မှာ ဧည့်ခန်းတွင် အဆင်သင့်စောင့်နေလေ၏။

"လာထိုင်ကြဗျာ"

အသားဖြူဖြူ၊ အရပ်မြင့်မြင့်နှင့် ဥပမိရုပ်ကောင်းသူပင်။ မျက်ခုံးတွေကထူထဲသလို၊ မျက်လုံးတွေကတောက်၏။ နှာခေါင်းမှာပေါ်လွင်သလို နှုတ်ခမ်းမှာလည်း ပိရိသေသပ်သည်။ မေးရိုးအစပ်တွင် စိမ်းဖန့်ဖန့် ပါးပြိုင်းမွေးများကနေရာယူထား၏။ အသက်က (၅၀) ပင်ပြည့်တတ်ပုံမပေါ်သေး။

"ဟောဒါက ကျွန်တော့်တို့ခြံထဲမှာ လာငှားနေတဲ့ စာရေးဆရာပါ"

"ဟုတ်လား ကလောင်နာမည် ဘယ်သူလဲမသိဘူး"

"နေမင်းဇော်"

"မတောက်တခေါက်ပါ၊ လျှို့ဝှက်သည်းဖိုနဲ့ ဂမ္ဘီရလောက်ပါ"

"စီးပွားရေးဘက်လှည့်နေရတော့ အစုံမဖတ်နိုင်တာ ခွင့်လွှတ်ဗျာ"

"အာ ... ဒီလိုပါပဲဗျာ"

"အိမ်ဖော်မလေးက ကော်ဖီနှင့်မုန့်လာချပေးသည်။

"ကိုင်း ... သောက်လိုက်ကြပါဦး"

"ဟုတ်ကဲ့"

သူဧည့်ဆိုသော်လည်း ဆင်းရဲသားလူတန်းစားအပေါ်မောက်မောက်မာမာမရှိ။ ဝတ်ကျေတန်းကျေမဟုတ်၊ တကယ့်ကို ရင်ထဲကလာသည့်အတိုင်း ဆိုနေကြောင်းသိသာလှသည်။

သူတို့ကော်ဖီတစ်ယောက်တစ်ငုံသောက်လိုက်ကြသည်။

"ခြံထဲမှာ စိုက်ထားတဲ့ အပင်တွေရဲ့ အခြေအနေတွေရော"



www.burmeseclassic.com

www.burmeseclassic.com



"အားလုံးကောင်းပါတယ်"

သူဌေးက ခေါင်းကို တစ်ချက်ညိတ်လိုက်သည်။

"ဖုန်းထဲမှာ ဦးရွှေရိုးပြောတော့ ပြဿနာဖြစ်လို့ဆို၊ အဲဒီနေ့က လူကြီးတွေနဲ့ စကားပြောနေရလို့ ဘာမှမရှင်းလင်းခဲ့ဘူး။ ဖြေပါဦး"

ဦးရွှေရိုးက တွေးတွေးဆဆလေးလုပ်နေသေးသည်။ နောက်မှ —

"ဒုံးကျည်မကြောင့်ဖြစ်ခဲ့ရတာတွေပါ"

"ဒုံးကျည်မက ဘာတွေလုပ်ခဲ့လို့လဲ"

"သူတော်တော်လေး ကြိုဟ်မွှေခဲ့တာများပြီ"

"ခင်ဗျားစကားကို ကျွန်တော်နားမရှင်းဘူး"

"သူရောက်တဲ့ အချိန်ကစပြီး ကလေးတစ်ယောက်၊ ကောင်လေးတစ်ယောက်နဲ့ ကောင်မလေးတစ်ယောက်ဆုံးသွားတယ်ဆရာ၊ အားလုံးရုတ်တရက်တွေချည်းပဲ၊ နောက်ပြီးတော့ဒီ စာရေးဆရာရဲ့ ဝါးဆစ်ပိုင်းလေးရယ်၊ အမိုးရဲ့ ဝက်ဆီဖတ်တွေရယ် ထူးထူးဆန်းဆန်းပျောက်ကုန်တယ် — အဲဒါတွေအားလုံး ဒုံးကျည်မလက်ချက်တွေပဲ ဆရာ"

"တေ"

"သူ့ကို တစ်ခြံလုံးစုန်းမလို့ထင်နေကြတာ"

"မြတ်စွာဘုရား"

"သူ့အိမ်ထဲမှာ ဘုရားစင်မရှိဘူး။ အရိုးခေါင်းတွေနဲ့ ရုပ်တုတွေပဲရှိတယ် ညဝတိုင်းဆို အရိုးခေါင်းတွေကို သူကဖျောက်နေသေးတာ"

"နေပါဦး၊ ကလေးက ဘာကြောင့်သေတာလဲ"

"ဖျားရင်းတန်းလန်းသေတာ"

"ကောင်လေးကရော"





"အကောင်းအတိုင်းက အောင့်တယ်၊ အောင့်တယ်ဆိုပြီးတော့"

"ကောင်မလေးကရော"

"နှလုံးရောဂါလို့ပြောတာပဲ"

"စာရေးဆရာရဲ့ ဝါးဆစ်ပိုင်းလေးဆိုတာ"

"တောင်ပေါ်ကရလာတဲ့ ထူးထူးဆန်းဆန်းလက်ဆောင်ပစ္စည်းပါ"

"တစ်ခုခုလွဲနေပြီထင်တယ်"

"လွဲတာမလွဲတာထက် ခြံထဲကလူတွေကတော့ သူ့ကိုရှင်မနေရဲဘူးဖြစ်ကုန်ကြပြီဆရာ"

"ခင်ဗျားကရော အခုလိုအခြေအနေမျိုးမှာ စုန်းဆိုတာယုံကြည့်လား"

"ကျွန်တော် ယုံတာမယုံတာထက် ခြံထဲကလူတွေကတော့ အခုလိုပဲထင်နေကြတာပဲဆရာ"

"အင်း … ခက်တော့ ခက်နေပြီ"

"မနေ့ကတောင် ခြံထဲကပြောင်းနေဖို့ ကောင်းကောင်းမွန်မွန်ညှိကြည့်ပါသေးတယ်"

"ဟာ — ခင်ဗျားဘာဖြစ်လို့ ကျွန်တော့်ကိုအသိမပေးဘဲ အဲ့လိုလုပ်ရတာလဲ"

ဦးအောင်မြင်နိုင် မျက်နှာအနည်းငယ်မာထန်သွားသည်။

"ကျွန်တော်က ပြဿနာကို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ပြီးစေချင်လို့ပါဆရာ"

"ဒါ … နည်းလမ်းမကျဘူးလေ"

"သူတို့ခြံရှင် ဒုံးကျည်မအပေါ် ဘယ်လောက်များဘက်လိုက်နေသလဲ" ဟု စိတ်ထဲတွင် မကျေမနပ်ဖြစ်ရသေး၏။

www.burmeseclassic.com



"ဒါဆို ကျွန်တော်တောင်းပန်ပါတယ်"

"ဆက်ပြောပါဦး ... ခင်ဗျားအဲလိုပြောတော့ သူဘာပြန်ပြောလဲ"

"ဒီအတိုင်းတော့ မထွက်ဘူးတဲ့၊ တစ်ယောက်ယောက်ကို သတ်ပြီး ထွက်မယ်တဲ့"

"ဟင်"

ဦးအောင်မြင့်နိုင် အနည်းငယ်စိတ်ရှုပ်ထွေးသွားပုံပေါ်သည်။

"သူက ဘာလို့ အဲလိုပြောရတာလဲ"

သူတစ်ဦးတည်း တီးတိုးရေရွတ်သလိုပြောလိုက်သည်။

"တစ်ခုလောက်မေးကြည့်လို့ ရမလား"

ဦးရွှေရိုးမငြင်းမရဲဆိုရှာသည်။

"ဘာကိုလဲ"

"ဆရာစိတ်ဆိုးမှာလည်းကြောက်လို့"

"ပြောပါဦး"

"ဆရာနဲ့ဒုံးကျည်မ ဘယ်လိုပတ်သက်လဲဆိုတာ"

ဦးအောင်မြင့်နိုင်က လက်ကိုကာပြသည်။

"ဒါ ... ခင်ဗျားမေးရမဲ့ မေးခွန်းမဟုတ်ဘူး"

"ဟုတ် ... ဟုတ်ကဲ့"

ဦးရွှေရိုးငြိမ်ကျသွားသည်။ နောက်ထပ်တစ်ခွန်းဆို တစ်ခွန်းမှ ပြန်မမေးရဲတော့။

"ဦးရွှေရိုး"

"ခင်ဗျာ"

"မနက်ဖြန် ညနေပိုင်း (၄) နာရီလောက် ဒုံးကျည်မကို ကျွန်တော်နဲ့





လွှတ်လိုက်ပါ၊ ဒီရက်ပိုင်းတွင်းမှာပဲ ကျွန်တော် ခြံထဲကိုလာခဲ့ဦးမယ်"

"ဟုတ်ကဲ့"

ထို့နောက် သူနှင့်စာရေးဆရာ ထွေရာလေးပါးပြောဖြစ်ကြသည်။ သူ့တွင် အလုပ်ရှိနေကြောင်းသိရသဖြင့် အလိုက်သိစွာပင် နှုတ်ဆက်ကာပြန်လာခဲ့သည်။

လမ်းတွင် ...

"တစ်မျိုးတော့တစ်မျိုးကြီးပဲ"

"ဘာတစ်မျိုးလဲ"

"ခြံရှင်ရဲ့အမူအရာတွေ"

"ဒုံးကျည်မအပေါ်ဘယ်လိုမှ အပြစ်မမြင်သလိုပဲ"

"နောက်တော့ရော"

"ဒုံးကျည်မကို နှင်လွှတ်ချင်တဲ့ သဘောတစ်လေးမှမတွေ့ရဘူး"

"သိပ်ရင်းနှီးနေလို့ဖြစ်မှာပေါ့"

"ကြည့်ဦးလေ မနက်ဖြန်ချိန်းတော့လည်း ညနေပိုင်း၊ မဟုတ်မှလွဲရော တစ်ချိန်က အငယ်အနှောင်းများ ဖြစ်ခဲ့သလားမသိတာ"

"ကြံကြံဖန်ဖန်ဗျာ"

"ပြောလို့ရမလား"

ရှုပ်ထွေးလွန်းလှသော လောကကြီးဆိုသည်မှာလည်း ခန့်မှန်းရခက်သားမဟုတ်လား။ ဖြစ်နိုင်တယ်လို့မဆိုသာသလို၊ မဖြစ်နိုင်ဘူးလို့လည်း ငြင်းမရနိုင်ပေ။ ဘယ်သူမှအတတ်မပြောနိုင်သည့် ကိစ္စ။

"ဒုံးကျည်မကဖြစ်သလိုနေလို့ပါ၊ သူ့မျက်နှာနဲ့ ကိုယ်လုံးကိုယ်ပေါက်လေးက မဆိုးပါဘူး"

"စုန်းမကိုများ"



www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာကပြုံးလိုက်သည်။

"စုန်းမတိုင်း ရုပ်ဆိုးရမှာလား၊ မလှတဲ့ ဥစ္စာစောင့်တွေတောင်ရှိသေးတာပဲ"

"ခင်ဗျားမြင်ဖူးလို့လား"

"စိတ်ကူးယဉ်ကြည့်တာ"

"စာရေးဆရာကတော့ဗျာ၊ လုပ်ချလိုက်ပြန်ပြီ ... ဟား ... ဟား"

သူတို့ခြေလှမ်းမှန်မှန်ဖြင့် ကားဂိတ်သို့လျှောက်လာခဲ့ကြသည်။ ဒုံးကျည်မပြဿနာကို ဦးအောင်မြင့်နိုင်ဘယ်လို ဖြေရှင်းမလဲဆိုတာကိုတော့ ဦးရွှေနီး အထူးစိတ်ဝင်စားနေသည်ကအမှန်ပင်။



အခန်း [ ၁၃ ]

ဘယ်ထွက်နှင့် ဘယ်ဝင်

ထို့နေ့ကခြံသားတွေအားလုံး ဒုံးကျည်မကိုစောင့်ကြည့်နေကြသည်။ ဦးရွှေနီးက ခြံရှင်ခေါ်နိုင်းကြောင်းပြောခဲ့ပြီးပြီ။ တခြားအပိုစကားတော့ ဘာမှ မပြောခဲ့၊ ပြောစရာလည်းမရှိ၊ နောက်တစ်နေ့တွင် စပ်စုတတ်သောခြံသားတွေက သူမဘယ်အချိန်သွားမလဲ၊ ဟိုရောက်ရင် သူ့ဒွေးကဘာပြောမလဲဟူ၍သာ စိတ်ဝင်စားနေကြ၏။

"ဒီကောင်မခြံထဲက ပြောင်းရ မပြောင်းရ ငါနဲ့လောင်းမလား စန်းစန်း"

မမြင့်ကမေးလိုက်တော့ စန်းစန်းကနှုတ်ခမ်းလေးမဲ့ရွဲ့လိုက်သည်။

"ကျွန်မကတော့ ပြောင်းကိုပြောင်းရမယ်ထင်တာပဲ"

"ငါလည်းဒီလိုပဲထင်တယ်"

"ပြောင်းတာကိစ္စမရှိဘူး၊ တစ်ယောက်ယောက်ကိုသတ်သွားပြီးမှာဆိုတော့"



www.burmeseclassic.com

www.burmeseclassic.com



"အမလေးကြက်သီးထ,လိုက်တာ"

"သူ မသတ်ခင် ငါကသူ့ကိုသတ်လိုက်ချင်တာ"

"အရင်သူ လူသတ်မှုနဲ့ထောင်ကျတာ ဘယ်လိုဖြစ်တာလဲမသိဘူးနော်"

သူတို့အချင်းချင်းပြောဆိုနေကြတာတွေက အဆုံးမသတ်နိုင်တော့။ ဟိုရောက်သည်ရောက်။ ညနေ (၂) နာရီလောက် ဒုံးကျည်မသော့ခတ်နေတာ မြင်တော့ သူတို့အချင်းချင်းမျက်လုံးဖြင့် အချက်ပြကြသည်။

သည်နေ့တော့ ပန်းနုရောင်လက်စကအင်္ကျီလေးနှင့်၊ ပန်းဆီနှင့်အညို ပေါင်းဖွဲ့ထားသည့် ပါတိတ်ထဘီကိုဝတ်ဆင်ထားသည်။ ဆံပင်ကိုလည်း သပ်သပ် ရပ်ရပ်လေးထုံးလို့၊ ပါးပြင်ပေါ်တွင် မိတ်ကပ်ပါးပါးဖို့လျက် အနီနုနှုတ်ခမ်းဆိုး ဆေးကို ဆိုးထားသည်။ သည်ခြံထဲလာနေသမျှကာလပတ်လုံး ထူးထူးခြားခြား အလှပြင်သောနေ့ပင်။ စလင်းဘတ်လေးကို ပခုံးမှာချိတ်ထားလိုက်သေးသည်။

"ဒီအတိုင်းသာဆို ခြံရှင်နှင့်ဘာလိုလိုဆိုတာ ဟုတ်နိုင်တယ်"

အမိုးကဦးရွှေရိုးလေသံအတိုင်း မှတ်ချက်ချသည်။ ဒုံးကျည်မ ကြွကြွရွရွ လေးလျှောက်လာသည်။ ယခင် ဒုံးကျည်မနှင့်လားလားမှမဆိုင်။ ဘယ်အိမ်ကို မှ လှည့်မကြည့်၊ မည်သူ့ကိုမျှဂရုမစိုက်။ ဒါ ... သူမစတိုင်ပင်။

ဒုံးကျည်မ မြင်ကွင်းမှပျောက်သွားတော့ ...

"ဒီကောင်မ ညပြန်အိပ်မအိပ်လောင်းမလား"

"မမြင့်ကတော့ တလောင်းတည်းလောင်းနေတာပဲ၊ ဝါသနာကို မပျောက်တော့ဘူး"

"ဒါပေါ့အေ ... ဒီနေ့စနေနေ့ပဲ၊ ရင်ခုန်စရာမှမရှိတာ"

သူတို့ပြောဆိုနေခိုက်တွင် ခြံအတွင်းသို့ယောဂီဝတ်စုံနှင့် လူတစ်ယောက် ဝင်လာတာ လှမ်းမြင်လိုက်ရသည်။





"အရင်တစ်ခါမှ မမြင်ဖူးပါဘူး"

"ဟုတ်တယ် တစ်နယ်တစ်ကျေးကလာတဲ့ ပုံစံမျိုး"

ထိုလူက သူတို့ဆီတန်းတန်းမတ်မတ်လျှောက်လာသည်။ အသားအရေ မှာ ကြည်စင်လျက် ဝင်းဝါနေသည်။ မျက်နှာပြင်အကျမှာ လေးထောင့်ဆန်လျက် နဖူးပြင်မှာမို့မောက်သည်။ မဟာနဖူးကိုပိုင်ဆိုင်သည်။ ချွန်သောနှာခေါင်းနှင့် ပိရိသေသပ်သော နှုတ်ခမ်းရှိသည်။ အသက် (၄၅) ဝန်းကျင်သာရှိမည်ဆိုသော် လည်း မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတို့က မျက်နှာအသွင်အပြင်ကို အတန်ငယ် ရင့်ရော်စေသည်။

"တဆိတ်ကျေးဇူးပြုပြီးပြောစရာလေးရှိလို့"

"ဟုတ်ကဲ့ မေးပါရှင့် ... မေးပါ"

"ဒီခြံထဲမှာ စာရေးဆရာနေမင်းဖော်နေပါသလား"

"ဟုတ်ကဲ့ နေပါတယ်ရှင့်"

"ဘယ်အိမ်လဲမသိဘူး"

"ဟော့ဟို ဝါးရုံပင်အောက်က အိမ်ပါပဲ"

"အခု ... သူရှိနိုင်မလား"

"ရှိပါတယ်၊ သူက ညဘက်စာရေးပြီး နေ့ဘက်ဆို အိပ်များအိပ်နေ မလားမသိဘူး"

"ကောင်းပါပြီး ... ကျွန်တော်သွားကြည့်လိုက်ပါဦးမယ်"

ထိုသို့ဆိုကာ ထွက်သွားလေသည်။

"တော်တော်လေး ခန့်ညားတဲ့သူပဲနော်"

"ဘုရားအလုပ် တရားအလုပ် လုပ်ပုံရတယ်"

ထိုနေ့က ယောဂီဝတ်စုံနှင့်လူ စာရေးဆရာထံသွားပြီးသည်နောက်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်အချိန်ပြန်သွားမှန်း မည်သူမှသတိမထားမိလိုက်ကြပါ။

ညမိုင်းမှစတင်လျှက် သူတို့ဒုံးကျည်မကို မျှော်ကြသည်။ တချို့က လမ်းထိပ်ထွက်မျှော်သည်။ အတော်ညဉ့်နက်သည်အထိပေါ်မလာ။ (၁၀) နာရီကျော်သည်အထိ အရိပ်အယောင်မမြင်ရသည့်အခါ သူတို့အားလုံးလက်လျှော့ကုန်သည်။

"ဒီအချိန်ရောက်မှတော့ ကားမရှိတော့ဘူး"

"သေချာပါတယ် ... ဒီကောင်မပြန်ရောက်မှာမဟုတ်ဘူး"

သူတို့ စိတ်ချလက်ချအိပ်လိုက်ကြသည်။

သို့သော် ...

မနက်လေးနာရီလောက် ဝက်ဆီဖတ်သွားယူမည့်အချိန် အမိုးဒုံးကျည်မအိမ်မှ မီးရောင်မြင်သောကြောင့် အံ့သြသွားပြီးခြေသံဖွဖွနင်းလျှက်ချောင်းကြည့်လိုက်ရာ ဒုံးကျည်မတစ်ယောက်ပြန်ရောက်နေတာတွေ့ရသောကြောင့် ပါးစပ်များဝိုင်းပွင့်သွားရတော့၏။



## အခန်း [ ၁၄ ]

## သူ့ဘဝ သူ့ဇာတ်ကြောင်း

ထိုအဖြစ်အပျက်များဖြစ်ပွားပြီး (၃)ရက်ခန့်ကြာသောနေ့။

ခြံသားအားလုံး အူမြူးနေကြသည်။ အကြောင်းမှာ ဒုံးကျည်မခြံထဲမှ ပြောင်းရွှေ့ရန်ပြင်ဆင်နေသောကြောင့်ဖြစ်၏။ လာစဉ်ကလိုပင် အထုပ်အပိုးတွေကို ခြံရှေ့ထုတ်နေသည်။ ခြံဝတွင်စောင့်ဆိုင်းနေသည်က TAXI ကား။

"ဟိုအိမ်အမည်းကြီးထဲမှာ အရိုးခေါင်းတွေနေမှာ"

"ဒါ ... သူ့ရွေးနှင်လွှတ်လိုက်တာဖြစ်မယ်"

"တော်ပါသေးရဲ့ ဘယ်သူမှမသတ်ဘဲ ထွက်သွားလို့"

ဒုံးကျည်မက သူတစ်ယောက်တည်းသယ်သည်။ သုံးခေါက်လောက်တော့သယ်ယူရသည်။

"သူဘယ်သွားမလဲ မသိဘူးနော်"

"အို ... ဘယ်သွားသွား ကိုယ့်ကိစ္စမဟုတ်ပါဘူး"

"အခုလိုဖြောင့်ဖြောင့်တန်းတန်းပြောင်းသွားတာပဲ ကျေးဇူးတင်သ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းတွေအားလုံးခြံရှေ့ရောက်ပြီ။

ကားသမားက နောက်ဖုံးအတွင်းသို့ထည့်ပေးသည်။ သူမခြံဘက်သို့ တဖြည်းဖြည်းချင်း သမင်လည်ပြန်လှည့်ကြည့်သည်။

စိမ်းစိမ်းကားကားကြည့်လိုက်သော မျက်လုံး။

နာကြည်းချက်များစွာဖြင့်ကြည့်လိုက်သောမျက်လုံး။

ခြံသားတွေကပြောင်မကြည့်ရဲ၊ ထရံကြားမှချောင်းကြည့်နေခြင်းသာဖြစ်သည်။ ထိုအချိန်က စာရေးဆရာနှင့် ဦးရွှေရိုးခြံတွင်မရှိ။ အရက်ဆိုင်ရောက်နေသည်။

"ကြည့် ... ကြည့် ဘယ်အိမ်ကိုကျိန်စာတိုက်နေပြန်ပြီလဲ မသိဘူး"

မမြင့်က စိုးရိမ်တကြီး တိုးတိုးဖွဖွလေးဆိုသည်။ စန်းစန်းက သူမနှင့် အတူချောင်းကြည့်နေသည်။

"မနက်ဖြန် ဘုန်းကြီး(၃)ပါးပင့်၊ ဆွမ်းဖိတ်ကျွေး၊ ပရိတ်မွမ်းလိုက်ရင် ကောင်းမယ်"

"ဟုတ်တယ်၊ ဟုတ်တယ် ညည်းပြောတဲ့ အကြံကောင်းတယ်"

ဒုံးကျည်မ အတန်ကြာကြည့်ပြီးနောက် ကားပေါ်တက်လိုက်၏။ ကားက တဖြည်းဖြည်းချင်း ဘီးလိမ့်ထွက်ခွာသည်။

"သူ့ကိုယ်သူ ရုပ်ရှင်ရိုက်နေတယ်များ မှတ်နေသလားမသိဘူး"

"လူတစ်ကိုယ်လုံး အိုက်တင်တွေချည်းပဲ"

ကားလေးထွက်သွားတော့မှ ခြံသားတွေ ကိုယ့်အိမ်မှကိုယ်အသီးသီး ထွက်လာခဲ့ကြသည်။ ထိုနေ့အဖို့တော့ ပြောလို့ဆိုလို့ဆုံးကြတော့မည်မထင်။ လေးလံသောစိတ်တွေလည်း လျော့ကျကုန်၏။ ပျော်သူကလည်း ပျော်နေသည်။

နောက်တစ်နေ့ ... ။





မနက် (၉) နာရီ ခြံရှင်ဦးအောင်မြင့်နိုင် လင့်ရှိဘာကားလေးဖြင့် ခြံသို့ရောက်လာခဲ့သည်။ ထိုအချိန်တွင် ဦးရွှေရိုးအစာပြေထမင်းကြော်စားနေခိုက် ဖြစ်သည်။

"ဟာ ... ဆရာလာတယ်"

စားလက်စပန်းကန်ကို ဘေးအသာချကာ ခပ်သုတ်သုတ်အိမ်ပေါ်မှ ဆင်းလိုက်၏။ သူ့ခေါင်းမှာ နံ့သာရောင်အပေါ်ရုပ်လက်ရှည်ကိုဝတ်လျက် စတိုင် ဘောင်းဘီအနက်ရောင်ကို ဝတ်ဆင်ထားသည်။ သူနှင့်တော့ အလွန်လိုက်ဖက်လှ ပါ၏။ မျက်နှာပေါ်မှ နေကာမျက်မှန်ကိုချွတ်လျက် ခြံအတွင်းသို့ဝင်လာခဲ့သည်။

"လာမယ်ဆိုလည်း ကြိုပြီးဖုန်းဆက်လိုက်ပေါ့ ဆရာရယ်"

"ကျွန်တော့်အတွက် ဘာမှကြိုတင်ပြင်ဆင်ထားစရာမလိုပါဘူး"

သူက ခြံအဝင်မှစတက်ကာ သစ်ပင်တွေကို သေသေချာချာကြည့်လာခဲ့ သည်။

"အုန်းမွှားပင်တွေ အဝါရောင်နည်းနည်းသမ်းချင်တယ်နော်"

"ဒီဘက်တစ်ခြမ်းပိုးကျတယ်ဆရာရေ ... ဆေးတော့ဖြန်းထားတာ ပဲ"

ဟိုတယ်များ၊ စားသောက်ဆိုင်ရှေ့တို့တွင် တွေ့ရတတ်သောခပ်မွှားမွှား အပင်တစ်မျိုး။ ဈေးကောင်းရသည်။ နောက် ... အုန်း၊ ထန်း၊ ပင်လယ်ကစွဲ မှန်တိုင်းဆိုက်ပရက်။

"ဒီကောင်တွေ တော်တော်ကြီးနေပြီပဲ"

"ရေလောင်းနိုင်လို့ဆရာ"

ဝက်ဆီဖတ်ယူ၍ပြန်လာသော အမိုးက ဦးအောင်မြင့်နိုင်ကိုတွေ့သွား တွေ့ချင်း ပျာပျာသလဲဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဆရာ ဘယ်တုန်းကရောက်တာလဲ"

"အခုတင်ပါပဲ၊ အားလုံးနေကောင်းကြတယ်နော်"

"ဟုတ်ကဲ့ ဆရာ"

သူ့အပင်တွေကြည့်ရန် တောင်ဘက်သို့ဆက်ထွက်လာခဲ့သည်။ စာရေးဆရာကိုတွေ့တော့ ...

"ဗျို့စာရေးဆရာ ... စာရေးဖြစ်ရဲ့လား"

"ဟုတ်ကဲ့ရေးဖြစ်ပါတယ်"

"လုပ်ဗျာ ... ကျွန်တော့်ခြံထဲကအကြောင်းလေးတွေရေးစမ်းပါဦး"

"စိတ်ကူးထားတာတော့ရှိပါတယ်"

"လူ့ဘဝလူ့ဇာတ်ကြောင်းတွေပေါ့ဗျာ"

"ဟုတ်ကဲ့ အဲဒါမျိုးတွေပါပဲ"

ဦးရွှေရိုးတစ်စုံတရာကို အမှတ်ရသွားပြီး ...

"ဆရာ ... ဒုံးကျည်မကို နှင်ထုတ်လိုက်တာမဟုတ်လား"

"ဘယ်လို"

ဦးအောင်မြင့်နိုင် မျက်နှာပြင်ထိပ်ထိပ်ပျာပျာဖြစ်သွားခဲ့သည်။ မမျှော်လင့်သောစကားကြားလိုက်ရသလိုမျိုး။

"မနေ့ကပဲ သူ ဒီခြံထဲကပြောင်းသွားပြီ"

"ဟင် ... သူဘယ်သွားမယ်ပြောလဲ"

"ဘာတစ်ခွန်းမှကိုမပြောဘူး"

"ဟာ ... ဒုက္ခပါပဲ"

"ကျွန်တော်က ဆရာမောင်းထုတ်လိုက်တယ်ထင်နေတာ"

"ကျွန်တော်က မောင်းထုတ်ရမှာမဟုတ်ဘူး။ မောင်းထုတ်ချင် တော





ထုတ်ရင် ဒုံးကျည်မက ခင်ဗျားတို့အားလုံးကိုမောင်းထုတ်ရမှာ"

"ခင်ဗျာ"

"ဒါ ... သူပိုင်တဲ့ခြံဗျ"

ဦးရွှေရိုး ငယ်ထိပ်မြွေပေါက်ခံရသလိုဖြစ်သွားသည်။ ဘယ်လိုမှ ထင်မှတ်မထားသောအရာ။ သည်ခြံက သူ့ခြံဆိုပါလား။ ခြံတန်ကြေးတင် သိန်းတစ်ထောင်နည်းပါးခန့်ရှိသည်။ သည်လောက်ပိုင်ဆိုင်သည်ဆိုခြင်းမှာ ယုတ္တိရှိနိုင်ပါ့မလား။ ပြီးတော့ သူကထောင်ထွက်။ ဘာမှုထည်ထည်ဝါဝါရှိသည်မဟုတ်။

"ဒုံးကျည်မတော်တော်ခေါင်းမာတာပါလား"

သူတစ်ယောက်တည်း တီးတိုးရေရွတ်လိုက်သည်။ စိတ်ပျက်သွားပုံလည်းရသည်။ အပင်တွေကို ဆက်မကြည့်တော့ဘဲ ပန်းများပျိုးရာရွက်ဖျင်တဲသို့လျှောက်လာခဲ့သည်။

"ကျွန်တော် ဒီကိစ္စတွေရှင်းချင်လို့ရောက်လာတာ"

သူကုလားထိုင်တစ်လုံးပေါ်ထိုင်ချလိုက်သည်။ ကိုသုတနှင့် မမြင့်ကရေနွေးကြမ်းနှင့်အကြော်လာပို့သည်။

"ခင်ဗျားတို့ထင်သလို ဒုံးကျည်မက ဘာစုန်းမမှမဟုတ်ဘူး"

"ထောင်ထွက်တစ်ယောက်ဆိုတာကရော"

"ဟုတ်တယ် ... သူ့ယောက်ျားကိုသတ်လိုက်တာ"

သူလေပူတစ်ချက်မှုတ်ထုတ်လိုက်၏။

"အားလုံးကို သူ့အကြောင်းရှင်းပြချင်တယ်ဗျာ၊ ခြံထဲကလူတွေခေါ်လိုက်ပါ"

ကိုသုတကလိုက်ခေါ်သည်။ အားလုံးစိတ်ဝင်စားကြသည်မို့ ရွက်ဖျင်တဲသို့ စုရုံးရောက်ရှိလာကြသည်။ သူ့ဒွေးက ရေနွေးပူပူတစ်ခွက်ကိုမှုတ်သောက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကာ စီးကရက်တစ်လိပ်မီးညှိလိုက်၏။ ပြောလာမည့်စကားတချို့ကိုလည်း နားတစွင့်စွင့် ...

"တကယ်တော့ ဒီခြံဟာ ဒုံးကျည်မအဖေပိုင်ခဲ့တဲ့ခြံ၊ အဖေမရှိတော့ သမီးပိုင်တာပေါ့ဗျာ၊ ဒုံးကျည်မထောင်ထဲရောက်နေတဲ့ကာလ ကျွန်တော်က ထိန်းသိမ်းစောင့်ရှောက်လာခဲ့တာ၊ သူတို့နဲ့ကျွန်တော် ရင်းနှီးသိကျွမ်းခဲ့တာ လွန်ခဲ့တဲ့နှစ်ပေါင်းသုံးဆယ်ကျော်ကတည်းကပါပဲ"

ထိုစကားကြောင့် ခြံသားတွေ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြ၏။ ဒါဆို _ သူ့မှာပြောပိုင်ခွင့်တွေအများကြီးရှိပါလျှက် ဘာကြောင့်ရေငုံနှုတ်ပိတ်လုပ်ကာထွက်သွားရသလဲ။

စဉ်းစားစရာတွေကအများကြီး ...

"ဒုံးကျည်မရဲ့ ဘဝဇာတ်ကြောင်းက တော်တော်စိတ်ဝင်စားဖို့ကောင်းတယ်၊ စာရေးဆရာရေ ခင်ဗျားသာရေးမယ်ဆို ရေးကွက်တွေအများကြီး"

"ခုထိတောင် စိတ်ဝင်စားနေပါပြီ"

"ဆက်ပြောမယ်ဗျာ ... သေသေချာချာနားထောင်ပေတော့၊ အဖြစ်ကဒီလို ... "



အခန်း [ ၁၅ ]

ဘုတိဘ, ဘုရိပ, ဘုဆိပ

"တစ်ချိန်က ဒီကုန်းတလလပေါင်ဆိုတဲ့ရွာဟာ ဘာမှမည်မည်ရရရှိခဲ့သေးတာမဟုတ်ပါဘူး။ မြတ်နိုင်းတွေ၊ သစ်ပင်တွေ၊ ခြုံတွေနဲ့ ခြောက်ခြောက်သွေ့သွေ့နေရာကြီး။ ကိုယ်မြတ်ရိုင်းရှင်းနိုင်သလောက် ကိုယ့်မြေလို့သတ်မှတ်ပြီးနေကြတာ။ ဝီရိယပိုပိုနဲ့ အပင်ပန်းခံနိုင်ပြီး မြတ်ရိုင်းခုတ်နိုင်လေလေ ကိုယ်ပိုင်ဆိုင်ရာမြေတွေပါပဲ၊ ထောက်ကြန့်သွားချင်ရင်လမ်းလျှောက်ရတယ်၊ မြို့ထဲသွားချင်ရင် တောလမ်းကိုဖြတ်ပြီး မင်္ဂလာဒုံပိုလ်ခြံအထိ ခြေကျင်လျှောက်ပြီးမှကားစီးရတာ။ ခုလိုလူဦးရေမထူထပ်သေးဘူး။ အဝေးပြေးလမ်းမကြီးပေါ်လာပြီးနောက်ပိုင်းသာ တရှိန်တိုး ထိုးတက်လာတာ။

ထားပါတော့။

အဲဒီတုန်းက ဒီရွာဒီခြံကိုပိုင်တဲ့ ဦးချာလီဆိုတဲ့ လူကြီးတစ်ယောက်ရှိတယ်။ သူဟာ အနယ်နယ်အရပ်ရပ်ကိုလှည့်ပြီး မျက်လှည့်ပြစားတဲ့လူ၊ တချော်ကချွတ်ပြတာမျိုးမဟုတ်ဘူး၊ စင်ထိုးရုံကာပြီးပြတာ။ သူ့အဖွဲ့သားတွေဆို (၁၀)



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကျော်ကျော်ရှိတယ်။ ရာသီကုန်ပွဲနားတဲ့အခါဆိုရင် လွန်ခဲ့တဲ့နှစ်လေးဆယ်လောက်က မြန်မာပြည်တန်တလျား မသိသူမရှိလောက်ပါပဲ။

သူ့မှာသမီးတစ်ယောက်ရှိတယ်၊ ဒုံးကျည်မတဲ့။ သူ့သမီးကိုအရမ်းချစ်တဲ့လူပါ။ သူဟာမိန်းမကံတော့ဆိုးတယ်။ သူ့ကိုပစ်ပြီး နောက်အိမ်ထောင်ထူသွားလို့ပဲ။ ဒါပေမဲ့ သူကြေကြေကွဲကွဲခံစားရတဲ့ ပုံစံမျိုးတော့မပေးပါဘူး။ အဲဒီတုန်းက ကျွန်တော် (၁၅) နှစ်သားလောက်၊ ဒုံးကျည်မက မသကာရှိ (၅) နှစ်သမီးပေါ့။

ကျွန်တော် သူတို့နဲ့အတူနေခဲ့ရတာ။

"ဦးလေး ကျွန်တော့်ကိုဘယ်နေရာကကောက်ယူမွေးစားခဲ့တာလဲဟင်"

"ဘုရားပွဲတစ်ပွဲမှာ ဦးလေးတို့ပြတဲ့ မျက်လှည့်ဇာတ်ရုံရဲ့အနောက်က"

"သူတို့ထားခဲ့တဲ့အထဲမှာ ဒီငွေပြားလေးနဲ့ ဇာတာပေရွက်လေးပဲပေါ့"

"ဟုတ်တယ်၊ အနှီးကြားထဲမှာ လုံးထွေးလို့"

"ကျွန်တော်အဲဒီအကြောင်းပြန်စဉ်းစားမိတိုင်း ဝမ်းနည်းရတယ်။ ကျွန်တော့်အဖေနဲ့အမေ ဘယ်သူဘယ်ဝါမှန်းမသိတာရယ်၊ ဘာကြောင့် စွန့်ခဲ့တယ်ဆိုတာတွေက ကျွန်တော်ကိုစိတ်ထိခိုက်စေခဲ့တာပါ။ အဲဒီတုန်းက ဦးချာလီရော သူ့မိန်းမ မကြည်အောင်ရော ကျွန်တော့်အပေါ်ကောင်းခဲ့တယ်၊ အရင်းအချာမရှိတော့ သားသမီးအရင်းလိုလည်းချစ်ရာတယ်။ မျက်လှည့်ပြ ထွက်ရင်လည်း ကျွန်တော်တကောက်ကောက်လိုက်ရတယ်။

"တစ်နေ့မင်းမိဘတွေ မင်းကိုပြန်လာခေါ်ရင်ကော"

"ကံစီမံရာအတိုင်းပဲပေါ့ဦးလေးရာ"

"လိုက်သွားမယ်ဆိုပါတော့"





"ဘယ်သူမဆို မိရင်းဖရင်းနဲ့နေချင်တဲ့သူတွေပဲ၊ ဒါပေမဲ့ မဖြစ်နိုင်ပါဘူး"

"စကားအဖြစ်ပြောတာပါကွာ၊ ကံကြမ္မာကြီးကဆန်းကြယ်တယ်လေကွာ"

"နောက်တော့ ဒုံးကျည်မကိုမွေးလာခဲ့တယ်၊ ကျွန်တော့်လက်ပေါ်တွင်ကြီးလာခဲ့တဲ့ကောင်မလေးပါ၊ လင်မယားချင်းကတောက်ကဆဖြစ်ပြီး အမေက နောက်ယောက်ျားနောက်လိုက်သွားတာကို"

"မိန်းမဆိုတာ သာတုန်းသာနားချင်ကြတဲ့ သတ္တဝါတစ်မျိုးကွ"

"ဦးလေးတရားမစွဲဘူးလား"

"ကိုယ့်ကိုမချစ်လို့ အခုလိုလုပ်သွားတာ ကိုယ်ကတရားစွဲနေရဦးမှာလား။ သွားစမ်းပါ၊ ဒီကောင်မ ဒုက္ခအကြီးအကျယ်မတွေ့ရင် ငါ့ကိုကြိုက်သလောက်ပြော"

"ဒုံးကျည်မဟာ ငယ်ငယ်ကတည်းက ပေပေတေတေနေတယ်။ စွာတယ်၊ မဟုတ်မခံဘုဆက်ဆက်လေး၊ သတ္တိလည်းရှိတယ်၊ သူနဲ့ကျွန်တော် ရန်ဖြစ်ရတာ ခဏခဏ၊ အစ်ကိုကိုတောင်သိပ်ကြောက်တာမဟုတ်ဘူး။ မှန်တယ်ထင်ရင် တဇွတ်ထိုးလုပ်တတ်တာလည်း သူ့အကျင့်ပဲ၊

အရွယ်ရောက်လာတော့ သူ့အဖေရဲ့ဗီဇမျိုးရိုးကြောင့်ထင်ပါတယ်၊ မျက်လှည့်ပညာကို ဝါသနာပါတယ်၊ အဖေလုပ်သူကလည်း သူ့သမီးကိုပွဲထုတ်ရတာအမော၊ ကလေးကိုသေတ္တာပုံးထဲဖျောက်ဖြေပြတဲ့ပြကွက်မျိုး၊ လွှစက်ကြီးနဲ့ပိုင်းပြတဲ့ပြကွက်မျိုး၊ ဒုံးကျည်မလေး မျက်နှာကနေ အရိုးခေါင်းကြီးပြောင်းသွားတဲ့ပြကွက်မျိုး၊

ပရိသတ်က ကလေးဆိုတော့ ပိုပြီးကရုဏာသက်ကြတယ်၊ သည်



www.burmeseclassic.com

www.burmeseclassic.com



ကြားထဲ အဖေသင်ပေးထားတဲ့လက်ကိုင်ပဝါက နှင်းဆီပန်းဖြစ်သွားတာ၊ ကြက်ဥကနေ ခိုလေးဖြစ်သွားတာ၊ လမ်းလျှောက်တုပ်ကောက်ကနေ ရောင်စုံအဝတ်စတွေဖြစ်သွားတာကို စင်ပေါ်ကနေသပ်သပ်ရပ်ရပ်လေး လုပ်ပြနိုင်တော့ အားလုံးသဘောတွေကျလို့။

ဒုံးကျည်မက ဖွဲ့တော့ကြီးတယ်၊ လိုချင်တာဆို မရအရလုပ်ယူတတ်တဲ့ညီမလေး။ ကျွန်တော့်အပေါ် သံယောဇဉ်ရှိပုံမပေါ်ဘူး၊ ဘာကြောင့်ဆိုတော့ သူ့အဖေက ကျွန်တော့်အပေါ် အစစအရာရာ အခွင့်အရေးတွေပေးလွန်းအားကြီးတယ်လို့ထင်တာပဲ၊

ဒီလိုနဲ့အပျိုအရွယ်လေးရောက်ခါစရှိသေး၊ ယောကျ်ားရပါလေရော၊ မျက်လှည့်အဖွဲ့ထဲက သာကျော်ဆိုတဲ့အကောင်နဲ့၊ ဦးချာလီ ရင်ထုမနာဖြစ်ရတာပေါ့၊ အသက်က ဘာရှိသေးတာမှတ်လို့ သဘောမတူပေမဲ့ ဘာတတ်နိုင်ဦးမှာလဲ၊

"တောက်မိုက်ရိုင်းလိုက်တာကွာ၊ အရိပ်နေနေအခက်ချိုးချိုး"

"ဒီကောင် ဒုံးကျည်မကို မြူဆွယ်နေကာဖြစ်မယ်"

"အင်းလေ _ အခုအခြေအနေရောက်မှ ဘာတတ်နိုင်တော့မှာလဲ"

"ဒီကောင် _ လှည်းကူးကိုခိုးပြေးသွားတယ်လို့ သတင်းရတယ်"

"မနက်ဖြန် မင်းကိုယ်တိုင်သွားခေါ်စမ်းကိုနိုင်"

"ခင်ဗျာ"

"ဒီအတိုင်း ပစ်ထားရင် သူတို့ဒုက္ခရောက်ရုံပဲရှိတော့မှာပေါ့"

"ဦးလေးက ပေးစားလိုက်တော့မယ်ပေါ့"

"ဒီနည်းလမ်းကလွဲရင် ဘာရှိဦးမှာလဲကွာ"

ဦးချာလီကိုယ်တိုင်ပဲ သူတို့ကိုပေးစားခဲ့တာပေါ့၊ အဲဒီတုန်းက ဦးချာလီ





ကျန်းမာရေးသိပ်မကောင်းချင်ဘူး။ အရင်ကတည်းက ရှိလာခဲ့တဲ့ နှလုံးရောဂါအခံပါ၊ တစ်ချက်တစ်ချက်ဖောက်လာရင် တော်တော်ဆိုးဆိုးဝါးဝါးပဲ။

နောက်ထပ် ဆန်းပြားတဲ့ဖြစ်ရပ်တစ်ခုပေါ်လာတာက ကျွန်တော့်ရဲ့မိဘရင်းတွေနဲ့ အဆက်အသွယ်ရသွားတာပဲ။ သဘောမတူနိုင်တဲ့ ဘိုးဘွားတွေကြောင့် အခုလိုဖြစ်ရတာပါလို့ အမေတောင်းပန်တယ်။ နှစ်ပေါင်းများစွာတည်းကရှာဖွေခဲ့ပြီး မတွေ့တာနဲ့လက်လျှော့နေလိုက်ကြတာတဲ့၊ ခုမှ ကလေးလာပစ်သူက ဆရာကြီးဦးချာလီရဲ့ ဇာတ်ရုံနောက် လူသွားလမ်းမှာချခဲ့တာပါလို့ အမှန်ကိုထုတ်ပြောခဲ့လို့ စုံစမ်းရင်း ကျွန်တော်ကိုပြန်တွေ့သွားတာပါပဲ၊

အမေက ဦးချာလီကို ကျေးဇူးဆပ်တဲ့အနေနဲ့ ငွေတွေပေးတယ်၊ ဦးလေးကမယူပါဘူး။ သူကျွေးမွေးခွင့်ရလို့ ကျေနပ်မွေးရတာပဲဆိုပြီး ကျွန်တော့်ကိုကြည်ကြည်ဖြူဖြူပဲ အမေ့လက်ထဲထည့်တယ်။

အမေ့အိမ်ရောက်တော့ ကျွန်တော်လန့်သွားတယ်။ တော်တော်လေးချမ်းသာနေတာကြောင့်ပါ။ အဘိုးအဘွားလက်ထက်ကစည်းစိမ်တွေကြောင့်လည်းပါတယ်၊ အမေနဲ့မညားဖြစ်တဲ့ ကျွန်တော့်အဖေကနိုင်ငံခြားမှာတဲ့၊ အမေနဲ့တရားဝင်လက်ထပ်ခဲ့တဲ့ယောကျ်ားကတော့ ဆုံးပြီ၊ အဘိုးအဘွားတွေလည်း မရှိတော့ဘူး၊ ကျွန်တော့်အရင်ဘဝနဲ့ ဘယ်လိုမှနှိုင်းယှဉ်လို့မရတဲ့ ဘုံဗိမာန်ကိုရောက်သွားသလိုပါ၊ ကုသိုလ်ကံများဆန်းကြယ်တာပြောပါတယ်၊ ဘယ်ဘဝရောက်ရောက်ဦးချာလီနဲ့ ဒုံးကျည်မဆီတော့ ကျွန်တော်မကြာခဏရောက်ဖြစ်ပါတယ်၊ မွေးစားအဖေမဟုတ်လား။

တိုတိုပြောကြပါစို့ဗျာ ...

ဦးချာလီ နှလုံးရောဂါနဲ့ပဲရုတ်တရက်ဆုံးတယ်၊ သူဆုံးတော့ မျက်လှည့်အဖွဲ့လည်းပျက်ရောဆိုပါတော့၊ ခြံထဲမှာ သာကျော်နဲ့ဒုံးကျည်မပဲထိုင်နေတယ်



www.burmeseclassic.com

www.burmeseclassic.com



မညှာမတာပြောရရင် သာကျော်ဟာ လက်ကျောတင်းချင်တဲ့ကောင်မဟုတ်ဘူး။ ဒိုးကျည်မစည်းစိမ်ကိုဖြုန်းတော့တာ၊ ဒိုးကျည်မကလည်း ခေသူမဟုတ်ပါဘူး။ ခြံကိုအပိုင်းပိုင်းရောင်းပြီး သာကျော်အရက်သောက်မလား၊ သောက်၊ ဖဲချချင်လား ချ၊ သည်လောက်ထိသည်းခံတယ်၊

ဒါပေမဲ့ သည်းမခံနိုင်တာက မိန်းမကိစ္စပဲ။

ဒိုးကျည်မနောက်ကွယ်မှာ တခြားမိန်းမတစ်ယောက်နဲ့ တိတ်တိတ်ပေါင်းနေတာသိတော့ သူပေါက်ကွဲတော့တာပဲ။ ပြင်းပြင်းထန်ထန်စုံစမ်းတယ်၊ မရမနေစုံစမ်းတယ်၊ ဒီကိစ္စ ဒိုးကျည်မအတွက်တော့လွယ်ပါတယ်၊

မကြာပါဘူး၊ နှစ်ယောက်စလုံးပက်ပင်းမိတော့တာပဲ၊ မတော်မရော် ပုံစံမျိုးနဲ့ ပေါက်ကွဲတော့တာပေါ့၊

"လူယုတ်မာတွေ နင်တို့နှစ်ယောက်စလုံးကိုသတ်ပစ်မယ်"

အမျိုးသမီးကတော့ တစ်ချိုးတည်းလစ်ပြေးတော့တာပဲ၊ သာကျော်က ဒိုးကျည်မကို အမျိုးမျိုးတောင်းပန်တယ်၊

"နင်ဟာ ခွေးထက်တောင်ယုတ်မာတဲ့ကောင်"

သာကျော် ဒိုးကျည်မကိုခုလောက်ထိဖြစ်လာလိမ့်မယ်ထင်လို့ အပျော့စွဲဆွဲပြီးချော့နေတာ၊ ဟိုကနီးရာဓားနဲ့အချက်ပေါင်းများစွာခုတ်သတ်ခဲ့တာ၊

"ဟိုကောင်မ ဘယ်မှာလဲ ထွက်ခဲ့စမ်း _ ညည်းကိုလည်းသတ်ရမယ်"

မသေမချင်းသတ်ခဲ့လို့ ပြစ်မှုကကြီးပြီး ထောင်(၁၀) နှစ်ကျခဲ့တာပါ။ စီရင်ချက်ချတဲ့နေ့က တစ်ချက်လေးမှမဲ့မနေဘူး၊ ကြောက်လန့်တဲ့စိတ်လည်း မရှိဘူး၊ ခပ်တင်းတင်းပဲ။

"ဒိုးကျည်မလိုတာရှိရင် အစ်ကိုကြီးကိုပြော"

"အဖေခေါင်းချသွားတဲ့ ခြံလေးကိုစောင့်ရှောက်ပေးပါ"





"ဒါထက်မက ညီမလေးလိုအပ်တာတွေပြောနေတာ"

"ကျွန်မ ဘာမှမလိုချင်တော့ဘူး"

"ဒိုးကျည်မရယ်"

ဒီလိုနဲ့ ... ဒီခြံလေးတိုးတက်လာဖို့ အပင်တွေစိုက်တယ်၊ လုံးချင်းအိမ်တွေဆောက်ပြီးငှားစားတယ်၊ ရလာတဲ့ငွေကို သူ့နာမည်နဲ့ဘဏ်မှာအပ်ခဲ့တယ်၊ သူက ကျွန်တော့်ငွေဆို သုံးချင်မှသုံးမှာလေ၊ သူ့စိတ်ဓာတ်ကိုကျွန်တော်အသိဆုံး။ ထောင်ထွက်ရက်ကိုကြို့မပြောဘူး၊ ကျွန်တော့်ဆီရောက်လာတယ်၊ ကျွန်တော့်မှာ အံ့သြဝမ်းသာတွေဖြစ်လို့။

"အစ်ကိုကြီးနဲ့ အတူတူနေပါလား ဒိုးကျည်မရယ်"

"ခြံထဲမှာပဲနေမယ်"

"ခြံထဲမှာ အိမ်ငှားတွေထားထားတယ်"

"ကိစ္စမရှိဘူး"

"ခြံထဲက ရသမျှငွေဘဏ်မှာအပ်ထားတယ်"

"လိုမှယူသုံးမယ်"

နို့မို့ ကျွန်တော့်ဆီလာချင်မှလာမှာ၊ ခုဟာက သူထောင်မကျခင် ကျွန်တော့်ဆီအပ်ထားတဲ့ ပစ္စည်းတွေလာယူတာ၊ ပစ္စည်းတွေဆိုတာ သူ့အဖေ လက်ထက်က သုံးခဲ့တဲ့မျက်လှည့်ပစ္စည်းတွေ၊ အဲဒီထဲမှာ လူ့အရိုးခေါင်းခွံတွေ ပါတယ်၊ ရုပ်တုတွေပါတယ်၊ ကြေးတုတ်တံတွေပါတယ်၊ စလင်းဒါပုံးတွေပါတယ်၊

"အစ်ကိုကြီး ခြံထဲကိုလိုက်ပို့ပေးမယ်"

"နေပါစေ ရတယ်၊ တစ်သက်လုံးနေလာခဲ့တဲ့ခြံ"

"မဟုတ်တာကွာ"

"ကျွန်မစကားကိုနားထောင်ပါ၊ စိတ်ညစ်အောင်မလုပ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ခက်တယ်ကွာ"

ပြောမရတဲ့အဆုံး တစ်ယောက်ထဲလွှတ်လိုက်တာ၊ အားလုံးအေးအေး ချမ်းချမ်းဖြစ်မယ်လို့ ထင်ခဲ့မိတယ်။ ဒါပေမဲ့ ...

ကျွန်တော်ထင်သလိုဖြစ်မလာခဲ့ဘူး၊ ပြဿနာတွေဖြစ်လာခဲ့တယ်၊ မကျေလည်မှုတွေတိုးလာတယ်၊ ဒါကြောင့် ကျွန်တော်သူ့ကိုခေါ်မေးရတာ။

"ညီမလေး ခြံထဲမှာဘာဖြစ်ကြတာလဲ"

"ဘယ်သူပြောလဲ"

"ဦးရွှေရိုး ... သူတို့က ညီမလေးကိုစုန်းတဲ့"

"အလကားအရူးတွေ ... ဦးနှောက်တစ်စက်မှမရှိဘူး"

"အစ်ကိုကြီးတောင် စိတ်ထဲမှာ ပြုံးမိသေးတယ်၊ ဒါနဲ့လူတွေသေတာ ရော"

"သူ့ရောဂါနဲ့ သူသေတာပဲ၊ ဆရာဝန်စစ်ချက်ကအရှင်းကြီး"

"အစ်ကိုကြီးလည်း မနက်ကတင် ဆရာဝန်ကိုဖုန်းဆက်မေးပြီးပါပြီ၊ သွေးရိုးသားရိုးဆုံးကြတာပါတဲ့"

"ဘယ်လိုအတွေးအခေါ် ဘယ်လိုအယူအဆတွေမှန်းကိုမသိဘူး"

"အမိုးရဲ့ဝက်ဆီဖတ်တွေပျောက်တာကရော"

"သူ့အိမ်ရှေ့ဖြတ်တုန်းကလှမ်းမြင်လိုက်သားပဲ၊ ခွေးတက်ဝင်စားနေတာ ကိုယ်နဲ့ဘာဆိုင်တာမှတ်လို့မောင်းရမှာလဲ"

"စာရေးဆရာရဲ့ ဝါးဆစ်ပိုင်းလေးဆိုတာကရော"

"အဲ့ဒီလူကြည့်ရတာ ခပ်ကြောင်ကြောင်ရယ်၊ အဲဒါတော့မသိဘူး"

"ညီမလေး ဒီကိစ္စကိုဘယ်လိုလုပ်မလဲ"

"ဘာကိုလဲ"





"ညီမလေးရှိရင် သူတို့မနေရဲတော့ဘူးတဲ့"

"အခြေကျနေတဲ့ နေရာကနေ တခြားပြောင်းရင် သူတို့ ဒုက္ခရောက် ကုန်မှာပေါ့"

"ဒါတော့ ... ဒါပေါ့၊ ရေရှည်မှာ မသင့်မြတ်ရင်မကောင်းဘူး၊ ဒါညီမလေးခြံ ညီမလေးပိုင်တယ်၊ ညီမလေးစိတ်ကြိုက်လုပ်၊ ဘယ်သူမှမကန့် ကွက်ဘူး၊ ဒါနဲ့နေဦး ညီမလေးဦးလေးကျန်ခဲ့တဲ့ အရိုးခေါင်းတွေအပြင်ထုတ်ထား သေးလား"

"အဖေ့ပညာကိုပြန်လေ့ကျင့်နေတာ၊ မျက်လှည့်ပညာဆိုတာ ဘယ် တော့မှ တိမ်ကောမှာမဟုတ်ဘူး၊ ယုံကြည်တယ် အဖေ့အမွေအနှစ်ကို ထိန်းသိမ်း ရမယ်"

"နေဦး လူတစ်ယောက်ကိုသတ်ဦးမယ်ဆို ဘယ်သူ့ကိုလဲ"

"သာကျော်နောက်မယားကိုပြောတာ"

"စိတ်လျှော့ပါ ညီမလေးရယ်၊ ကိုယ်ထောင်ထဲမှာ ခံစားခဲ့ရတဲ့ဒုက္ခ လည်း သိခဲ့ပြီးပြီပဲ၊ ဘာအကျိုးပွားခဲ့လို့လဲ၊ အားလုံးအရှုံးတွေချည်းပဲ၊ ဘာသာနေ လေးဘာလေးလိုက်စားစမ်းပါဦး"

ဒုံးကျညီမ အင်းမလုပ်၊ အဲမလုပ်လုပ်နေတယ်၊ ခြံသားတွေကိုတော့ ပြောင်းနိုင်းချင်တဲ့စိတ်မရှိပါဘူး၊ ဒါနဲ့သူပြန်သွားတာပဲ၊ အခုကျွန်တော်ရောက်လာ တော့ အဖြစ်အပျက်တွေက အလွဲတွေဖြစ်ကုန်တယ်၊ သူဘယ်သွားလို့ သွားမှန်း မသိ၊ ဘယ်ရောက်လို့ ဘယ်ပေါက်မှန်းမသိ၊ ဖြစ်နေတာနဲ့ အဖြစ်မှန်က တကယ် ကိုလွဲလွဲချော်ချော်ပါပဲ၊ စိတ်ညစ်စရာကောင်းတယ်ဗျာ၊ တကယ်ပြောတာပါ"



www.burmeseclassic.com

## အခန်း [ ၁၆ ]

## စာရေးသူ၏ ဖွင့်ဆိုချက်

ကျုပ်ခြံရှင် ဦးအောင်မြင့်နိုင်ပြောသမျှကို မျက်တောင်မခတ်နိုင်လောက်အောင် စူးစိုက်နားထောင်ရင်း ရင်ထဲမှာတလှပ်လှပ်ဖြစ်လာတယ်။ ခြံသားတွေဆိုတာ မျက်နှာတွေပူလို့ ဘာပြောလို့ပြောရမှန်းမသိအောင်ကို ဖြစ်ကုန်ကြတာ။ တအံ့တသြတွေဖြစ်လို့ ဘယ့်နှယ့်ဗျာ၊ ခြံရှင်ကို အိမ်ငှားတွေကနှင်ထုတ်ရတဲ့အဖြစ်ရယ်လို့၊ သြချမကုန်နိုင်ဖွယ်ပါပဲ၊

လူဆိုတာ အရေးကြုံလာရင် စိတ်ဓာတ်တွေဇဝေဇဝါဖြစ်ပြီး ယုန်ထင်ကြောင်ထင်ဖြစ်ကုန်ကြတာလည်း သင်ခန်းစာယူသင့်ပါတယ်။ ခိုင်လုံတိကျမှုမရှိတဲ့ စွပ်စွဲချက်တွေကိုလည်း ရှောင်ရှားသင့်ပါတယ်။

ဟုတ်တယ်။

ကျုပ်တောင်ရောယောင်ပြီး ခြံသားတွေတွေးသလို တွေးချင်လာသလိုလိုကိုယ့်ကိုယ်ကိုယ်ရှက်ဖို့ကောင်းပါတယ်။

ပြောရဦးမယ် ...





ကျုပ်ဝါးဆစ်ပိုင်းလေးဟာ ဘယ်မှပျောက်တာမဟုတ်ဘူး၊ အမှောင်ထဲမှာ မှုံးမှုံးရှုံးရှုံးနဲ့လှုပ်ရှားရင်း အိမ်အောက်ကတစ်ဆင့် ချုံထဲကိုလိမ့်သွားတာ၊ ပြန်တွေ့တာကို ကျုပ်ပြန်မပြောမိဘူး၊ တိုက်တိုက်ဆိုင်ဆိုင် တစ်နေ့ကျုပ်ဆီကို ယောဂီတစ်ဦးရောက်လာတယ်၊ ကျုပ်မသိပါဘူး။

"ခင်ဗျား ကျွန်တော့်ကိုမှတ်မိသေးလား"

"မမှတ်မိဘူး"

"ခင်ဗျားဂူထဲရောက်တုန်းက အရင်ဘဝတွေက ခင်ဗျားနဲ့ ညီအစ်ကိုတော်စပ်ခဲ့သူဆိုတာလေ"

"ခင်ဗျာ"

"ပိုပြီးတိကျအောင်ပြောရရင် ဝါးဆစ်ပိုင်းလေးပေးလိုက်တဲ့သူ"

"အဲဒီသူက အခုဒီကိုလာလို့ရတယ်"

"ဒီမေးခွန်းကျွန်တော် ဖြေလို့မဖြစ်ဘူး"

"ဒါဆို ... ခင်ဗျားဒီကိုလာတာ"

"အဲဒီပစ္စည်းလေးပြန်လာယူတာ"

"ပြန်လာယူတာ ဟုတ်လား"

"ခင်ဗျားဟာ သမာဓိအားနည်းနေသေးတယ်၊ အရာရာဆင်ခြင်သုံးသပ်စွမ်းမရှိသေးဘူး၊ ဘာသာရေးမလုပ်ဘူး၊ အရက်သောက်တာဟာ အဆိုးဆုံးပါပဲ၊ ဒါကြောင့် ခင်ဗျားလက်ထဲ ဒါလေးရှိနေလည်း အသုံးဝင်မှာမဟုတ်ဘူး၊ အပိုသက်သက်ပဲ၊ ဒါကြောင့် ကျုပ်ကိုလှူလိုက်ပါ"

ကျုပ်ရှည်ရှည်ဝေးဝေးစဉ်းစားမနေတော့ပါဘူး၊ ချက်ချင်းပဲ သူ့ကိုလှူလိုက်ပါတယ်၊ ကျုပ်လက်ထဲရှိလည်း ဘာမှသုံးတတ်တာမှမဟုတ်ဘဲ။

ကျုပ်ဒီအကြောင်းအရာတွေ အားလုံးကိုဇာတ်လမ်းတစ်ပုဒ်ဖြစ် ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အောင်နေပါဦးမယ်။ စိတ်ဝင်စားစရာလည်းကောင်းလို့ပါ။ စာဖတ်သူတွေလည်း သဘောကျနှစ်ခြိုက်မယ်ထင်ပါတယ်။

အဲဒီအချိန်ကစပြီး ... လပေါင်းအတော်ကြာတာတောင် ဒုံးကျည်မ ခြံထဲကိုပြန်ရောက်မလာခဲ့ပါဘူး။

နဆို ...

ဘယ်ရောက်နေပြီလဲ ...

သာကျော်ရဲ့နောက်မယားကိုရော သတ်ပြီးပြီလား ...

ဒါမှမဟုတ် သူ့အဖေအမွေပေးခဲ့တဲ့ မျက်လှည့်ပညာနဲ့ ရှာစဉ်လှည့် လို့ ပြနေပြီလား။

စာဖတ်သူ

အကာယ်၍များ ...

ဒုံးကျည်မတစ်ယောက်ကို တစ်နေရာရာမှာများတွေ့မိရင် ကျုပ်ဆီ ဆက်ဆက်အကြောင်းကြားဖို့ မေတ္တာရပ်ခံပါတယ်။

မမေ့ပါနဲ့နော် ... ။

ဆက်လက်ကြိုးစားပါဦးမည်၊
**မျှော်ဇောဂျီ**
ပြီး။

ရဲရင့်အောင်စာပေ

BURMESE CLASSIC
www.burmeseclassic.com